
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

the Eras

www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများ အား ဆန့်ကျင်ကြ၊
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

## နိုင်ငံရေးဦးတည်ချက် ၄ ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေး ဦးတည်ချက် ၄ ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်း ရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေး ဦးတည်ချက် ၄ ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး၊ လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com

နှစ်ကာလများ
စာအုပ်အစီအစဉ် ၁၈

# ကြည်အေး

# တမ်းတတတ်သည်

**နှစ်ကာလများ**
ပရိဘောဂ လိုင်း-၃၊ အခန်း ၇၊
သစ်တောဝင်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

**စာမူခွင့်ပြုချက်အမှတ်** – ၂၈၂/၂၀၀၄(၃)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** – ၅၁၆/၂၀၀၄(၅)

ပထမအကြိမ်၊ ၂၀၀၄၊ ဇူလိုင်လ
နှစ်ကာလများ

**အုပ်ရေ** – ၅၀၀

**မျက်နှာဖုံး** – ပန်းချီကိုကိုနိုင်

**ကွန်ပျူတာစာစီ** – w!zard

**အတွင်းဖလင်** – အောင်ဇော် (ပုံရိပ်ရှင်)

**စာအုပ်ချုပ်** – ကိုမြင့်

**မျက်နှာဖုံးပုံနှိပ်**
ကာလာဖုံပုံနှိပ်တိုက်၊ ဦးဇော်မြင့်ဝင်း (၀၆၈၂၁)
၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

**ထုတ်ဝေသူ**
ဦးခင်မောင်သိန်းဆွေ (သလ္လာဝတီစာပေ)
တိုက်–၂၄၀၊ အခန်း–၃၊ ၂၅ ရပ်ကွက်၊ သုဝဏ္ဏမြို့နယ်။

**တန်ဖိုး** – ၅၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

'တမ်းတတတ်သည်'မှာ အနှစ်နှစ်ဆယ်ကျော်ခန့်က ဖြစ်ပျက်ခဲ့သော အကြောင်းအရာ တစ်ရပ်ကို ကိုယ်မြင်သလို ပြန်၍ရေးခြင်းဖြစ်သည်။ တစ်ခါကလည်း ရုပ်ရှင်ရိုက်ပြခဲ့ဖူး၍ ကျော်ကြားခဲ့ဖူးပြီ။ အဓိပ္ပာယ်ပေါက်စေသည့် စေတနာချင်းတော့ မတူချေ။

တိုက်ရိုက်သက်ဆိုင်သူတစ်ယောက် ရှိသေးသည်ကို သိရသော်လည်း ကြိုတင်၍ တောင်းပန်ခြင်းမပြုခဲ့ရပါ။ တစ်ခါကလည်း လူအပေါင်းကို သိစေသည်ဖြစ်၍ စိတ်ကွက်လိမ့်မည်ဟု မထင်ပါ။ မည်သို့ပင်ဖြစ်စေ၊ ထိခိုက်နစ်နာစေလိုသော သဘောမရှိသည့်အကြောင်းကို နားလည်စေလိုပါသည်။ ရေးသားပြီးမှ ရေးသားခွင့်တောင်းရသည်ကိုလည်း ခွင့်လွှတ်စေချင်ပါသည်။

ကြည်အေး

www.burmeseclassic.com

www.burmeseclassic.com

# [၁]

ညကပင် အထွေးကို အိပ်မက် မက်သေးသည်။ အထွေးကို ခဏခဏ အိပ်မက်မက်လေ့မရှိ။ အထွေးက ကိုယ်နှင့်အတူ ရှိနေသလို စိတ်ထဲအမြဲနေသောကြောင့်ထင်သည်။ ညကမူ အထွေးကို အိပ်မက်မက်သည်။ ညက အေးလည်းအေးသည်။ နှင်းများဝေကာ ပြာမှောင်သည်။ တစ်လံအကွာက ဘာကိုမှ မမြင်ရ။ မမြင်ရသည်ကို အလကားငေးမောနေလျက်က ဝရံတာတွင်ပင် ပက်လက်ကုလားထိုင်၌ အိပ်ပျော်သွားသည်။ သည်နောက် အထွေးကို အိပ်မက်မက်သည်။

အထွေးက ကိုယ်နှင့်အဝေးကြီးမှာ ရှိနေသည်တဲ့။ အထွေး၏ ဖြူဖွေးဝင်းပသော မျက်နှာကလေးကို လှမ်းမျှော်ပြီး မမှီမကန်းလို ကြည့်ဆဲမှာ နီးနီးလာတယ် ထင်ရလျက်က ဘယ်လို ဘယ်လိုမှန်းမသိ၊ အထွေးမရှိတော့ချေ။ အထွေးရေ လို့တော့ လှမ်းမခေါ်မိဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းလျှင် အထွေး၏ ထူထဲသော မျက်ခုံး၊ မျက်တောင်များကို သတိရ၏။ ပန်းနုရောင် နှုတ်ခမ်းက နားမှာ ကပ်လျက် စကားပြောမည်လို နီးစပ်၏။ ထို့ကြောင့် 'အထွေးရေ ကျွန်တော့်ဆီလာပါ၊ မောင့်ဆီလာပါ'ဟု အိပ်ရာပေါ် ဝမ်းလျားမှောက်လှဲ၍ ငိုရ၏။ ထိုသို့ငိုစဉ်ကမူ အထွေးဟာ ဘယ်တော့မှ ကိုယ့်ဆီလာတော့မယ် မဟုတ်ဘူးဆိုတာ ခုလို မသိသေး။

ညက အိပ်မက်ထဲမှာတော့ အထွေး၏ ဆံပင်များသည် အင်မတန်ရှည်လျားကာ လွင့်ပါးနေတယ် ထင်သည်။ ကိုယ့်စိတ်ထဲက အထွေးရဲ့ မတိုမရှည် ဆံပြတ်များကို မကျေနပ်နိုင်လို့ထင်ရဲ့၊ အထွေးတစ်ယောက် လှပါလျက်နဲ့ ဆံပင်ပွနေတာ မကြိုက်နိုင်ပါဘူး။ အထွေးရဲ့ တဒိတ်ဒိတ်တိုးတဲ့ နှလုံးသွေးတစ်ဝက်ဟာ မဟာဆီမဟာသွေး စစ်စစ်ပါဆိုတာကို အားနည်းနည်းနာလျှင် အထွေးဆံထုံးထုံးဖြစ်မည် ထင်သည်။ အထွေး ဆံထုံးထုံးတာ တစ်ခါမှ မမြင်စဘူး။ ကြည့်ချင်ပါရဲ့။ သို့သော် နောက်လည်း မြင်ဖူးမည်တော့မဟုတ်ချေ။

အထွေး ကိုယ်တို့မြို့ကို ရောက်စကဆိုလျှင် သည့်ထက် ဆံပင်တိုသေးသည်။ အထွေးကို ရှမ်းမလို့ ထင်ကြသည်။ အထွေး၏ အမြဲပခုံးကမချသည့် လွယ်အိတ်ထဲ ဘာပါလေမလဲလို့ သင်္ကာမကင်း ဖြစ်ကြသည်။ အထွေး၏ ရင်ဖုံးအင်္ကျီဖျင်မည်းကို မျက်စိရှုပ်ကြသည်။ ဟောင်းနွမ်းပျော့ဖတ်သော ကြိုးကြီးချိတ်ထဘီအနီနှင့် အစိမ်းချိတ်ကို ခပ်တိုတို ဝတ်ပြန်တော့ အရပ်ခပ်ပြတ်ပြတ်နှင့် အထွေးကို ကြည့်ရသည်မှာ ဘာလို



www.burmeseclassic.com

www.burmeseclassic.com



နေ သလိုလိုပင်တည်း။ အထွေးကို တစ်ခါမြင်ရသူများက လှတယ် ပါကလားရယ်လို့ နှစ်ခါပြန် မကြည့်သော်လည်း ဆန်းကြယ်ပါ တကားရယ်လို့ သုံးလေးခါလည်ပြန်လှည့် စမြဲ တည်း။

သည်လိုပင် ဆံပင်ညှင်းသိုးသိုး၊ အဝတ်အစား မလှ မပနှင့် အထွေးရောက်ခဲ့ချိန်မှာ ကိုယ်က နောက်ဘာဖြစ်မည်ဆို တာ စိုးစိမ့်မျှမသိသည့် ပျော်ရွှင်ခြင်းနှင့် သောင်ပြင်သို့ ပြေးဆင်း ခဲ့သည်။

အထွေးရောက်သည့်နေ့မို့ထင်ရဲ့ သောင်ပြင်က သဲများ ထပြီးပုံအောင် လေက ဖုံးဖုံးဒိုင်းဒိုင်း တိုက်သည်ကို သတိရသည် လေ။ ရောဝတီမြစ်ပြင်က အောက်အရပ်ဆီကို ခါတိုင်းလို သာယာပြေပြစ်မစီးဆင်းနိုင်ချေ။ လှိုင်းအနှောင့်အယှက်ထသည်။ ရေက ကြည်စမြဲ၊ ဖြူစမြဲ၊ မြစ်လယ်ကရေကို လက်ခုပ်နှင့် ခပ်၍သောက်လျှင် ချိုစမြဲပင်။ ချက်ချင်း အေးလာပြီး တိမ်များ ထူထပ်လာတယ် ထင်ရသော်လည်း အညာမိုးနှောင်းသည် ကိုယ်တို့မြို့မှာ ကောင်းလေ့မရှိ။ ကိုယ့်ကျောပေါ်ကို မိုးပေါက်များ စပ်အောင် မကျလာ။

ကိုယ်ရေကူးနေဆဲမှာ 'အထွေး'ဆိုသည့် တစ်နေ့မှာ ကိုယ်တမ်းတနေရမည့် နာမည်ကို ပထမဆုံး ကြားဖူးသည်။ ထိပ်တင်မထွေးလို့ သူတို့က ရွတ်ကြ ပြောကြသည်။ ရှင်ဘုရင့် သားတော်နှင့် ရှမ်းမက မွေးသည့် သမီးလို့ဆိုကြသည်။ ကိုယ် ရေကောင်းကောင်း မကူးတော့ချေ။ ခါတိုင်းလို မြစ်လယ်မှာ ကိုယ်ဖော့ပြီး လုံချည်ပူပေါင်းနှင့် လှိုင်းမစီးတော့ချေ။ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကတော့ အထွေးဟာ ကိုယ်တို့အိမ်ခေါင်းရင်းက ဒေါ်မြမင်းတို့ အိမ်မှာ ရောက်ပြီဆိုတာ သိရသည်မို့ ဖြစ်လေ၏။

အထွေးကတော့ သေးငယ်သော ကချင်တောင်ပတ်လည်ဝိုင်းသည့် မြို့ကလေးထုံးစံအတိုင်း သတင်းပျံ့လွယ်ကာ လူတို့တစေ့တစောင်း လာကြည့်လွယ်သော အဖြစ်ကို ဂရုစိုက်ဟန် မပေါ်ချေ။ အထွေးက ဟန်လုပ်ပြီး နေတာလားလည်း မသိ။ အထွေးနှင့် ဒေါ်မြမင်းတို့ညီအစ်မ စကားဝိုင်းပြောနေကြသည်။ ကိုယ်ကလည်း ဂန္ဓမာပွင့် အဝါများကို စိတ်ဝင်စားဟန်ဆောင်ပြီး အထွေးကိုကြည့်နေခဲ့သည် မဟုတ်လား။ လာကြည့်ပြီး ပြန်သွားကြသူများအထဲမှာ ကိုယ်မပါချေ။ ကိုယ်က ပြန်ဖို့ စိတ်မကူးမိဘဲ ရင်ထဲမှာ ညှင်းညံ့မြိုးမြဝေဒနာတစ်မျိုးကြွလို့ ဒေါ်မြမင်းတို့ အိမ်ထောင့်မှာ မာလကာပင် ခြေကန်ပြီးရပ်လျက်ရှိသည်။

အထွေး၏ ရင်တင်းဖြိုးဖျပ်သော မျက်လုံးအကြည့်ကို သတိပြုမိပါရဲ့။ ခပ်တောင့်တောင့် ထိုင်တာကို သဘောမကျရှိပါရဲ့။ အင်္ကျီမည်းပေါ်က ငွေမတ်စေ့ ကြယ်သီးများတပ်ကာ ငွေခွက်နှင့်ဝံစွယ်ကို ဆွဲကြိုးဆွဲထားတာ အရုပ်ဆိုးသည်ထင်၏။ အဲသည်တုန်းကတော့ အထွေး၏ နာမည်ပျက်လှသော လွယ်အိတ်ကို မမြင်မိချေ။

ဒေါ်မြမင်းတို့ ညီအစ်မက အထွေးရှေ့မှာ မျက်လွှာသိပ်မပင့်ချေ။ ခါးညွတ်ကာ ကိုယ်ကိုရို့သည်။ အထွေးကို 'မမကလေး'လို့ ခေါ်သံကြားသည်။ အထွေးကမူ ဣန္ဒြေကြီးကြီးနှင့် စကားသိပ်မပြောသော်လည်း ပြောသမျှမှာ အံ့သြစဖွယ် တိုး



www.burmeseclassic.com

www.burmeseclassic.com



တိတ်သာယာ၍ ရွှင်လန်းသော လေသံပါလေရာ ကိုယ်စိတ် ချမ်းသာခဲ့သေး၏။

ချစ်ခြင်းမေတ္တာဆိုသည်မှာ အဆုံးအစရယ်လို့ မပြနိုင်ဘူး အထွေး။ မနက်စာစားပြီး တစ်နေ့လုံး လောက်လေးဂွနှင့် ချိုးပစ်ထွက်လည်နေပြီး ညနေရောက်မှ ဆင်းရာက တက်လာသည့် ၁၉ နှစ်သားကလေးဟာ အခု ပြန်တွေးသည့်အခါ နှစ်နှစ်ပင် မပြည့်သေးသော်လည်း ကိုယ်ပဲရယ်လို့ယုံကြည်နိုင်သေးသည်မှာ တော့ အထွေး၏ ရုပ်ပုံကို စွဲမက်သော၊ စိတ်ချင်းတစ်နည်း မဟုတ်လျှင် ကျန်တစ်နည်းနှင့် တူပေသည်မို့သာတည်း။ သည် တုန်းကတော့ ချစ်ခြင်းမေတ္တာဆိုသည်ကို မရွတ်ဆိုတတ်သေး တာအမှန်ပင်။ သို့ရာတွင် ကိုယ်ရဲ့ လက်ဖျားများတော့ တုန်ရီ လေပြီ။ မကြာခင် ငိုယိုနေရတော့မည်ဆိုတာကို မသိသေး သော်လည်း ငိုတော့ ငိုချင်လေပြီ။ ဂန္ဓမာပင်များ အကြားမှာပင် သည်အတိုင်းနေသည်မှာ နေဝင်၍ မိုးချုပ်သည် အထိပင်တည်း။ ယခု ပြန်တွေးလိုက်လျှင် ဒါဟာ အစလို့ဆိုချင်ဆိုနိုင်မည်။ သို့သော်...အထွေး။ အထွေးကို တွေ့လိုက်ပြီးလျှင်ပြီးချင်း ကြင်လို့ ချစ်တာပါပဲဆိုတာ မပြောရက်နိုင်သလို ရှိလှတာကို သူတစ်ပါးနှင့်တကွ အထွေးပါ နားလည်မည်မထင်၊ အရင့်အရင် မမြင်ဖူးခင်၊ မကြားဖူးခင်က ချစ်ရတယ်ထင်သည်။ သည်လိုပင် ကိုယ်သေဆုံးပြီးသည့်နောက်အထိလည်း ကိုယ်ရဲ့အချစ်က ထူး ဆန်းသော နည်းတစ်နည်းနှင့် အထွေးအဖို့ ကျန်ရစ်ဦးမည် ထင် သည်။ တစ်ခါတစ်ရံတော့လည်း ချစ်ခြင်းမေတ္တာဆိုသည့် ကမ္ဘာ မြေပေါ်မှာနေ၍ မိုးတိမ်ဖွေ့နှင့်လည်း လှမ်းမီသော အင်အားကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသည် ကိုယ်၌လာ၍ဖြစ်ပေါ်ပြီး 'အထွေး'ဟူသည့် လှပသော ရုပ်တစ်စုံကို ဖန်ဆင်းသည်လို့ပင် ဆန်းပြားစွာထင်သည်။ ဒါကြောင့် အထွေးသည် ကိုယ်ပိုင်သော၊ ကိုယ်ကဖြစ်သော သံသရာအစအဆုံးက ရင်းနှီးခဲ့သောသူပါဟု ပြောပြရလျှင် အနည်းငယ် စိတ်ကျေနပ်သည်။

သည်တုန်းကများသာ ယခု အချိန်အထိ ဖြစ်ပေါ်လာမည့် အကြောင်းအရပ်ရပ်ကို ကြိုတင်ပြီးသိမည်ဆိုလျှင် အထွေး၏လက်ကလေးကို မြဲမြဲဆွဲ၍ လွတ်ရာဝေးဝေးသို့ တစ်ခါတည်း ပြေးပါလေရဲ့။ ယခုပြောနေရင်းလည်း ကိုယ့်မေးရိုး ကိုယ့်လက်သီးနှင့် ဆောင့်ထိုးလိုက်ချင်သည်။ အမြဲပင် သည်လိုပြောပြီးနေခဲ့ရသည်။ နောက်ကျပြီ၊ နောက်ကျပြီလို့ ထင်သည်။ စင်စစ်တော့ ယခုလို ပြောလာသည်မှာ သံသရာတစ်ဝက်မျှ ကြာပြီဖြစ်သော်လည်း တကယ်နောက်ကျသည်မှာ ယနေ့မှသာတည်း။ မနေ့က တုန်းကဆိုလျှင်တောင် နောက်မကျသေးဘူးဟု ဆိုချင်ဆိုနိုင်သည်။ လောကမှာ မဖြစ်နိုင်တာတွေ များသလောက်ပင် ဖြစ်နိုင်တာတွေလည်း များပါလေသည်။ သို့သော် မောင့်ကိုတော့ အထွေး ခွင့်လွှတ်စေချင်သည်။ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ကျွန်တော်ကတော့ သည်လိုပဲ တောင်းပန်နေရမည့်သူ ဆိုတာကို အထွေး အသိပါတည်း။

စင်စစ်တော့ အထွေးက ခွင့်လွှတ်တတ်သူ သို့မဟုတ် မထိခိုက်တတ်သူ၊ သို့မဟုတ် မပြုံးချင်ဘဲ ပြုံးတတ်သူဖြစ်သည်။ ဘယ်ဟာလဲရယ်လို့တော့ ကိုယ်ဘယ်အခါမှ ပြောနိုင်မည် မဟုတ်။ အထွေးက မောင့်ကို စိတ်နှလုံးဝေစေသည်၊ ဒါပဲသိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အထွေးအတွက် ငိုရှိုက်ရင်းကပင် စိတ်မရှင်းခြင်းလည်း အပြည့်ရှိသည်တည်း။ အထွေး၏ စွန့်ခွာပြီး သွားနိုင်သည့် သတ္တိကို အံ့ဩစိတ်တော့ မောင်မကုန်ပါချေ အထွေး၊ အထွေးက မောင့်ထက်ကြီးသည်။ မောင့်ထက် သိနားလည်သည်။ မောင့်ထက် အသည်းကောင်းသည်။ မောင်ငိုလျှင် အထွေးက ချော့ရသည်။ မျက်ရည်သုတ်ပေးရသည်။ အထွေး မောင့်ကို ချစ်၍ မောင်နှင့်နေချင်စိတ်ရှိတာတော့ အထွေးက ပြောဖူးလို့ သိရ၏။ ယုံကြည်ရမိ၏။ သို့သော် မောင်အခု တစ်ယောက်တည်း ငိုသည်။ အထွေး မောင့်ဆီမလာချေ။ စွန့်ခွာပြီးသည်၏နောက်၌ ပြန်လည်ရစ်ဝဲလေ့မရှိသူကလေးကို ကိုယ်က "သည် တစ်ခါလာပါစေ၊ တောင်တန်းတွေဖြိုပြီး အထွေးနောက်ရ အောင်လိုက်ပါရဲ့"ဟု တမ်းတခေါ်ငင်ဆဲ၊ စိတ်တငင်ငင် မပြတ်နိုင်ဆဲ၊ အထွေးက အထွေးဝါသနာ၊ အထွေးစိတ်ကူးနှင့် လှည့် လည်မွှေပတ်လို့နေတတ်သည်။

ဩော် မောင်က အပြစ်တင်ပြန်လည်း အထွေးက ဘာမျှ ဆင်ခြေကန်မည့်သူမဟုတ်။ အထွေးက စကားများစွာ ပြောတတ်သူမဟုတ်။ ပြီးတော့ ဂရုစိုက်သူလည်းမဟုတ်လို့ ပြောချင်ပြန်သည်။ သို့သော်ဗြုန်းခနဲ သတိရသေးသည်မှာ အထွေး၏ အေးဆေးရဲရင့်သော မျက်လုံးများကြည့်ပုံကို ဖြစ်သည်။ အထွေးက လောက၌ ဖြစ်ပျက်ခဲ့သမျှ အကြောင်းစုံကို ကြည့်ခဲ့ဖူးလှပြီ ထင်သည်။ သည်လိုအမှတ်မထင်ဟန်နှင့်ပင် အထွေးက မောင့်ကို ကြည့်လိုက်လျှင် ရင်ထဲအသည်းထဲ အေးခနဲဖြစ် ရတာမျိုးကို ဘယ်သူမှ ခံစားဖူးမည်မထင်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



မောင်နဲ့ကျတော့ အထွေး၏ ငြိမ်ဆိတ်သော မျက်လုံးဝင်းဝင်း အေးအေးသည် တုန်ယင်နီကြောင်ကာ မျက်ရေအပြည့်လျှံသွန်ရသည်မို့ မောင်ကစွပ်စွဲပြစ်တင်ဖို့ မသင့်လှဘူးထင်၏။ မောင့်ခေါင်းကတော့ ချားရဟတ်ကို မရပ်တမ်းစီးရသလို မူးလည်၍ မဆုံးသာရှိပေတော့မည်။ ပြောမိသည်များကို ခွင့်လွှတ်ပါဟူ၍ သေဆုံးသူ အထွေးကိုပင် တောင်းပန်ရပြန်ပြီ။

အထွေး...၊ အို...အထွေး၊ ကိုယ်နဲ့မှလာလို့ တွေ့ရှာသူ အထွေးသည် တောင်ကြားမြေပြန့်မြို့ ဂန္ဓမာပန်းပေါ်သောမြို့ကို အထွေးရောက်ခဲ့မိတာ တဆိတ်တော့ မှားပြီထင်၏။ အေးလေ အထွေးကတော့ မောင့်အနားမှာသာ ယခုရှိလျှင် ပြုံးရိပ်ပြုံးရောင်နှင့် ပြောဦးမည်။ 'ဒီမြို့မရောက်လို့ ဒီလိုမဖြစ်ရင် ဟိုမြို့ရောက်တော့ ဟိုလိုဖြစ်လိမ့်မယ်ပေါ့၊ မဆန်းကြယ်သပါတော်'ဟု ပြောဦးမည်။ သည်တော့ မောင်က မခံချင်ဖြစ်မည်။ မောင့်ကို သဗ္ဗေသတ္တာထဲထည့်လိုက်တယ် ထင်မည်။ ထိုအခါ ထုံးစံအတိုင်း ရန်ဖြစ်ကြလေ၏ပေါ့၊ အထွေးကစပြီး ချက်ချင်း ချော့လေ၏ပေါ့။ သည်တော့ တစ်ဖန်မောင့်မှာ တွေဝေမိုက်မှောင်ရပြန်ချေ၏။ အထွေးသည် စိတ်သဘောပင် ဖြူဖြောင့်လှလေသလော။ ဘာလုပ်ဖို့မှ ဝန်မလေးသည် မပင်ပန်းသည်ပင် ဖြစ်လေသလော။ ထို့ကြောင့် ကိုယ်သာအမြဲ ငိုညည်းဟစ်အော်ရသည်ဟု ပြောချင်သည်။ အပြင်က မမြင်သာသော်လည်း ရင်တွင်း၌ လှိုက်လှဲ ရှိုက်စမြဲပင်။

ကိုယ်သိပါသည်။ အထွေးက မဖြစ်စလောက် မဆိုမြောက်သည့် တိမ်ဝင်တုန်ယင်သံ အဖျားခတ်နှင့် ပြောဦးမည်မှာတော့ "မောင်က စကားပြောတတ်သည်။"



www.burmeseclassic.com

www.burmeseclassic.com



အို... အထွေး၊ သည်လိုပင် စိတ်ကူးဉာဏ် ဖန်ခြယ် သည်နှင့်စကားခြေတင် ထင်မြင်ရမည်။ ကြားဟန်ဆင်ရမည်။ အထွေးသည်သာ လွင့်ပျောက်လေပြီ။ အထွေးရုပ် သည်မှာပျက် ယွင်းသည်ရယ်လို့ပြစရာ၊ မှတ်စရာ ဖုံမြေမို့လည်း ပုံလို့မရှိ။ အလဟဿပင် ပျောက်ရှသွားသလို ရှာမတွေ့တော့ချေ။ ဘ၀ ဆုံးသည်၌ တွယ်ငြိခြင်းက လွတ်ကင်းခဲ့သည်။ အထွေး၏ စိတ်အလျင်သည်လည်း ပျက်ယွင်းဆဲတဒင်္ဂပဟာန်မှာ မတော် တဆ သည်ဘက်ကို ဦးတည်မိလျှင် ယောင်မှားလို့ မလာလေ နှင့်။ အဝေးသို့ ပျံချေအထွေး၊ သည်မှာတော့ ချစ်ရုံကလွဲ၍ ဘာမှ မတတ်သူသာ ရှိသည်။ အထွေးကို ချမ်းအေးစေမည့်သူ မရှိ။ အထွေးအလိုကို စိတ်ဖြူဖြောင့်နှင့် မနှောင့်ယှက်ရက်သူ မရှိ။ အထွေးကို ခွင့်လွှတ်မည့်သူမရှိ။ အထွေးကသာ ခွင့်လွှတ် ရမည့်သူရှိသည်။ သို့သော်လည်း တမ်းတတတ်သည်လေ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

[၂]

အထွေးကို စ၍မြင်ဖူးသည့် ညနေတွင် ဂန္ဓမာပင်များ နားတွင် ရစ်သီရစ်ဝဲလုပ်ကာ နေခဲ့သည်မှာ ကိုယ့်အိမ်ခေါင်းရင်းက ကုက္ကိုရွက်များ အိပ်ကြသည့် အချိန်ထိပင်။ ဆည်းဆာ မြူထန် ထန်တွင် တောင်များပင် မြူထဲ၌ ပျောက်ကွယ်ကာ အအေးလွှာ ပြန့်လျက် ဆင်းကျလာမှ မကြာခင် မီးထွန်းကြရတော့မည်ဆို တာ သတိရလေ၏။ အထွေးနှင့် ဒေါ်မြမင်း၊ ဒေါ်လှတင်တို့ကမူ စကားပြောဆဲပင်။ အထွေးက ခဏနားဖို့ အိမ်ထဲ မဝင်သေးချေ။ သတင်းကြားနှင့် လာကြည့်သူများလည်း စဲလုလုပင် ရှိသည်။ အကြောင်းကား အိမ်နီးချင်းတို့သည် မြင်ခဲ့ရသမျှကို အချင်းချင်း ပြောပြကြရဦးမည်မို့ပင်။

ကိုယ်လည်း ဘာမပြော ညာမပြောနှင့်ပင် အိမ်ဘက် သို့ လှည့်ပြန်ခဲ့သည်။ အဲသည်ကတည်းက စိတ်ထဲ၌ ရုပ်ထွေး လေပြီ။ အင်မတန် ငြိမ်သက်စွာ ပြန်လာခဲ့သည်။ ရေကူးရာက သောင်ပြင်က တက်လာပြီး ရေမသွေ့ခင် ပြန်ဝတ်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့လုံး ချွေးဖြင့်စိုသော အင်္ကျီဟောင်းကလည်း မခြောက်နိုင်တော့သည်နှင့် အအေးပင် မိလေသလားမသိရ။ အိမ်ကပြင်ကို တက်လိုက်တော့မှ အိမ်ငွေ့နှင့် နွေးခနဲ သက်သာသည်။

"ဟော လူမိုက် ပြန်လာပြီ"ဟု မမက ပြောသည်။

"ငပါ ထမင်း တစ်ခါတည်း ဝင်စားလိုက်... "ဟု မေမေကပြောသည်။

"ကျွန်တော် မစားချင်သေးဘူး မဆာလို့"ဟု ကမန်းကတန်းပြောပြီး ကိုယ့်အိပ်ခန်းရှိရာ အပေါ်ထပ် ပြေးတက်ခဲ့ရသည်ကို သတိရသေး၏။

သည်နောက် ကိုယ်ဘာလုပ်သလဲ အထွေး၊ ကိုယ်ခုတင်ပေါ် ပစ်လှဲပြီး ဂွမ်းဖတ်စောင်ကို ရင်မှာပွေ့ကာ ခရမ်းလိုလို၊ နီညိုလိုလို၊ ကောင်းကင်မှုန်အိအိကို ငေးမောသည်လေ။ ကောင်းကင်၌ တိမ်တို့သည် မသိမသာ ရွေ့လျားနေဆဲ၊ အရောင်စုံသည် မှိုင်းမှုန်လေပြီ။ မကြာခင်ပင် ဟိုး အဝေးက စိန်လုံတောင်ဆီမှာ တောမီးများ လောင်သည်ကို မြင်ရတော့မည်။ မီးစောင်းတန်းလို ရဲရဲနီပြီး မီးတန်းတဖြည်းဖြည်း ရှည်လာလိမ့်မည်။ တောမီးလောင်သည်ဆိုတာကို အနီးကသွားလို့ ကြည့်လိုက်ချင်၏။ ဘယ်လိုနေမည်မသိ။ ထိပ်တင်မထွေး ဆိုသူကလေးဟာ တောမီးလောင်သည့် တောင်တွေကို ကျော်လာလေသလား၊ တောတိရစ္ဆာန် ကျေးငှက်ကလေးများကို ကြင်နာခြင်း ဝင်လာလေ၏။ စိတ်နှလုံးသည် နှစ်သိမ့်ပြုံးရွှင်ခြင်း ဖြစ်ပြန်ကာ ပျော်စရာ သက်ပြင်းတစ်ချက် ချလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်က ထမင်းစားဖို့ တကြော်ကြော် ခေါ်ကြဟန်ကို စိတ်ဆိုး၏။ သို့သော် မေမေနှင့် မမသည် ကိုယ့်ကို ကလေးလောက် သဘောထားသူများတည်း။ တစ်နေ့တစ်နေ့ကို "ဟဲ့ ရေချိုးတော့လေ၊ ဟဲ့ ခေါင်းဖြီးဦးလေ၊ ဟဲ အကျီလဲပါတော့လား၊ လုံချည်လဲပါတော့လား"နှင့် နားမအားအောင် ရေရွတ်ကြသည်။ စိတ်မရှည်သည့်အခါများတွင်တော့ အိမ်မှာ မကပ်တော့ဘဲ ရွာနီးချုပ်စပ်ကို တစ်နေကုန် အလည်ထွက်ရ၏။ အပြန်ကျလျှင်တော့ ထမင်းအဆာခံပြီး စောင့်သူ၊ အအိပ်ပျက်ခံပြီး စောင့်သူများနှင့် တိုးရတတ်သည်နှင့် စိတ်မချမ်းသာချေ။ သည်တော့ အိမ်မှာချည်းပဲ မနေနိုင်သူမို့ အပြင်ထွက်ပြီး ပြန်လာလျှင် သူတို့အဖို့ တစ်ခုခု ရှာလာမြဲတည်း။ မေမေ၏ ဘုရားစင်ဖို့ တောရိုင်းသစ်ခွပန်း ခရမ်းညို့ရောင်၊ ပန်းဆီရောင်၊ ဆန်းဆန်းကြယ်ကြယ်များ တက်ခိုင်းခဲ့ရ၏။ မမ၏ မီးဖိုချောင်ဖို့ ဂျိသား၊ ဆတ်သားများကို မုဆိုးထံက စုခဲ့ရ၏။ အနည်းဆုံး တောင်စပ်ကချင်ရွာက ခွေးဟောင်သံ၊ ဟိန်းသံထဲတိုးပြီး သိုးမွေးလွယ်အိတ် ချောချောကျစ်ကျစ်ဖြစ်စေ၊ ပါအောင် ဝယ်စမြဲတည်း။

ထို့ကြောင့် ထမင်း ကမန်းကတန်းဆင်းစားရသေး၏။

မမနှင့်မေမေတို့မှာ ယခုလို ထမင်းစားပြီးချိန်၌ ပြောစရာ စကားစ၊ ဆောင်ယူလာသူ အထွေးကို အတော်ကျေးဇူးတင်မည်။

"အသားကဖြူစပ်စပ်၊ ဆံပင်က ညှင်းစိုးစိုးနဲ့"ဟု မမကပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှမ်းမပါအေ၊ ဝတ်ပုံ စားပုံ ကြည့်ပါလား၊ ပြီးတော့ ဘုရင့်မြေးဖြစ်ပြီး ဒီလို ယောက်ျားဘိုကေမျိုးထားတယ်ဆိုတာ ငါက အံ့သြလို့မဆုံးဘူး"ဟု မေမေက ဆက်၏။

"ရန်ကုန်က အင်္ဂလိပ်ကျောင်းမှာ ရှစ်တန်းရောက်အောင်သင်ဖူးတယ်တဲ့မေမေရဲ့၊ ဒါကြောင့်မို့ရဲတာပေါ့။ တစ်ယောက်တည်း ဒီကိုရောက်လာတာတဲ့၊ မနေ့က ဆင်းလာတဲ့ မြတွေတစ်သိုက်ကြီးနဲ့ တရုတ်တွေနဲ့ ပါလာသလားမှ မသိတာ"

"ဟုတ်ချင်ဟုတ်မှာပေါ့၊ အလယ်အရှုပ်ထဲကလို့ ပြောတာပဲ၊ ငါ မောင်အောင်နဲ့တွေ့တော့တောင် ပြောလိုက်သေးတယ်၊ အိမ်လာခဲ့ဦးလို့ အဲ မောင်အောင်က ဒီမိန်းကလေးဟာ သူ့အဖေက ခါးပြမွေးတယ်ဆိုလား၊ ဘုရင့်သားတော်ဆိုတာလေ အဲဒါကြောင့် သူ့ကို စုံထောက်တစ်ယောက် အမြဲလိုက်နေရသတဲ့အေ၊ ကောင်းသေးရဲ့လား"

"မေမေ ကိုအောင်၊ ဒီညလာဦးမတဲ့လား"

"လာနိုင်ရင် လာခဲ့မယ်တဲ့၊ ခုတော့ သိပ်အလုပ်ရှုပ်နေကြတာကလား၊ ဒီမြို့ကို ရှုပ်ရှုပ်ရှက်ရှက် ရောက်လာ..."

ကိုယ် ဆက်ပြီးနားမထောင်တော့ချေ။ အထွေးအကြောင်းမို့ ကြားရက်ရသော်လည်း တရားပျက်လှသည် အထွေး၊ မမနှင့်မေမေတို့ကို ပထမဆုံးအကြိမ် မေတ္တာကွက်ရလေ၏။ ရက်စက်လှချည့်ရဲ့ဟု ထင်၏။ ဒါတွေထက် အထွေးကလေးဟာ သူတို့ ပြောသလို တစ်ယောက်တည်း လေလွင့်လာ



www.burmeseclassic.com

www.burmeseclassic.com



သူကလေးဖြစ်လေသလား။ ဓားပြမွေးသူသမီးဖြစ်လေသလား။ ပန်ကာဘွဲ့ရသူဖြစ်လေသလားဟူ၍ သံသယ ပွားရခြင်းများက နှလုံးကို မီးနှင့်အုံးသေး၏။ အတင်းစကားများသာ အမှန်တရားဖြစ်လျှင်တော့ ရင်ကွဲရချေရဲ့ဟု တွေးမိလေပြီ။ သည်ကတည်းကပင် အထွေးသည် မောင်နှင့်သက်ဆိုင်လေပြီ။

မြို့ထဲထွက်ခဲ့ပြန်လည်း အထွေးအကြောင်းပြောနေကြသံ ကြားရပြန်၏။ မကောင်းသတင်းသာပျံ့လွင့်၏။ ထိပ်တင်မထွေးဆိုသည့် နာမည်သည် လက်ဖက်ရည်ဆိုင်၌ ထိုင်သူတို့နှုတ်ဖျားမှ မြည်နေသည်ကို သိပြန်တော့ သည်းမခံနိုင်ခြင်းဖြင့် ထွက်ပြေး ရှောင်ခွာခဲ့ရသည်။ စင်စစ် ထိုည၌ တကယ့်လေလွင့်သူကတော့ ကိုယ့်မြို့သား ငပါတစ်ယောက် ဖြစ်သည်ဆိုတာ လူအပေါင်းတို့မသိကြ။ ခြေဦးတည့်ရာကို လျှောက်ကာ ကွေ့စရာရှိကွေ့၍ ချိုးစရာရှိ ချိုးခဲ့ရာ ညဉ့်နက် အေးမြ၍ မောပန်းညောင်းချည့်မှ အိပ်ရာပေါ်လှဲ ဖြစ်သည်။

အိပ်နိုင်မည်လို့တော့ မမှတ်စေချင်ပါ။ ပြူတင်းမှ မြင်ရသော လခြမ်းကွေး၏ မှုန်သီညှိုးခွေဟန်ကို မခံမရပ်နိုင်ဖြစ်လာပြီး အချောက်တိုက် ဒေါသဖြစ်သေး၏။ ပြီးတော့ တွေငေးစိုက်သွားပြန်ပြီး အိပ်ရာမှ အသံမမြည်အောင်ထလေ၏။ ပြီးလျှင် ဝရံတာက ထွက်၍ ညှော့သည်ကလေးရောက်ရှိ အိပ်ပျော်နေမည့် ဒေါ်မြမင်းတို့ အိမ်ဘက်ကို ငုံ့ကြည့်သည်။

အထွေးရောက်နေသည့်အိမ်သည် တံခါးဖွင့်ထားဆဲပင် ရှိသေး၏။ အထွေးများ ထွက်လာပြီး စောစောက ကိုယ်လာရစ်ဝဲသည့် ဂန္ဓမာပင်တွေဆီ လျှောက်ခဲ့လေမလား၊ မာလကာ



www.burmeseclassic.com

www.burmeseclassic.com



ပင်မိုလို့ ရပ်လျှင်တော့ ကိုယ့်ကို တွေ့ရလိမ့်မယ်။ သည်လိုဆို လျှင် အထွေးက ဘယ့်နှယ်နေပါ့မယ်၊ လူတကာက ထင်သလို ကိုယ့်ကို ကလေးသူငယ်လို သဘောထားလေမလား။ ကိုယ် ကကော ဆက်လက်ရပ်တည်လို့ နေနိုင်ပါ့မလား။ လရောင်နှင့် သစ်ရိပ်မှာ တိတ်ဆိတ်ခြင်းသာ ရှိလေတော့ ကိုယ်ဆင်းခဲ့ပါရစေ ကွယ်လို့ ဆိုလိုက်ချင်သော်လည်းပဲ တကယ်စင်စစ် ကိုယ် အလုပ်နိုင်ဆုံးမှာတော့ အိပ်ရာထဲ ပြေးဝင်ခဲ့ပြီး ရှိုက်ကြီးတငင် ငိုရုံပါလေ။

ကိုယ်ကသာ ရူးသွပ်ရသော်လည်း အထွေး၏ အရိပ် အရောင်ကို မတွေ့ချေ။ အထွေးကလေး ပါလာသည့် ပစ္စည်းများ နေရာချနေပြီထင်သည်။ ခရီးပန်းသည်နှင့် နွမ်းအိပ်ပြီ ထင်သည်။ အထွေး၏ အိပ်မက်ထဲမှာ ကိုယ်မပါနိုင်တာကတော့ သေချာ လွန်းသေးသတည်း။

ကိုယ့်မှာ အားငယ်စိတ်အပြည့်နှင့် ကောင်းကင်သို့ပင် မျှော်ရသည်။ ကြယ်တို့မြူကြား၌ ချည့်နဲ့စွာ လက်သည်၊ လရောင်ကလည်း သီဝေပါဘိခြင်း၊ သစ်ပင်နွယ်မြက် အပေါင်း သာ လေပင့်ချီလျှင် ယိုင်ညွတ်သည်။ ယခုလို အားနွဲ့သော သဏ္ဍာန်များသာ ကြီးစိုးသည့်ညမှာ အထွေးနှင့်မောင်တို့ နှစ်ဦး ပိုင်ဘဝကို စရသည်မှာ နိမိတ်ဆိုးလှသည်။

သို့သော် ဟုတ်ပါသည်။ အထွေးက အားကြီးသူ။ သို့မဟုတ် မိုက်မဲသူတည်း။ အထွေးကပြောသည်။ စိတ်အလို တစ်ခုတည်း၏ စိုးမိုးမှုကိုသာ ခံမည်လို့။ ဒါကြောင့်ပင် မောင်တို့ ၏ မျက်လုံးချင်းဆိုင်တွေ့ကြသည့် ကိုယ့်တို့ဘဝ၏ အဦးည သည် ထိုညပင် ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အထွေးက သောင်ပြင်သို့ ရောက်နေသည်လေ၊ မောင်ကတော့ ဝရံတာမှာရပ်သူမို့ ဘာမှန်းမသိသော်လည်း အထွေးသောင်ပြင်ဘက်ကလာသည်။ ညချိန်မှာ တစ်ယောက်တည်းထွက်သည် ဆိုတာသာသိသည်။ နောင်အထွေးကိုမေးတော့ အထွေးက မနည်းပင် မေ့နေသေး၏။ ပြီးမှ "ဩော် ရောက်စညကလား စိတ်ရှုပ်ရှုပ်နဲ့ မြစ်ဘက်ထွက်ပြီး အို…ဟုတ်တယ်။ သဲပြင်ပေါ်ထိုင်နေတာ တစ်ညဦးလုံးပဲ။ မောင် ကျွန်မကိုမြင်လားဟင်…"ဟု အေးချမ်းစွာ ပြောသေးသည်။

မောင်က မမြင်ပါ။ အထွေးပြန်လာတာသာ မြင်သည်။ အထွေးက အိမ်နားရောက်လေလေ ကိုယ့်နှလုံးသွေးဆောင့်ခုန်လေတည်း။ ထိပ်တင်မထွေးကလေး၊ နာမည်ပျက်နှင့်လာသူကလေး၊ စုံထောက်ထက်ချပ် ပါ,သူကလေး။ ကိုယ့်ကိုအထွေးမမြင်မှာကြောက်သည်။ လှမ်းမြင်စေချင်သည်။ ကျော်လို့သွားလျှင် လွတ်ခနဲ အော်ခေါ်ရဲချင်ရဲ့။ မောင့်နှလုံးက ပူဆာလွန်းလေသလား။ အထွေးနှလုံးက တုံ့ပြန်တတ်လေသလား။ နောက်ဆုံးတော့ အထွေးက ဖျတ်ခနဲ မော်ပြီးကြည့်သည်။ သည်တော့မှ မြင်သွားပြီဗျ ရယ်လို့ ကြောက်ရပြန်သည်။

ကိုယ်တို့နှစ်ယောက်မျက်လုံးချင်းဆုံရသည်မှာ သံသရာလိုရှည်ကြာ၍ တဒင်္ဂမျှသာလည်းခံသည်ပင် ထင်ရသည်။ မျက်လုံးချင်းဆုံရသည်ပင် ပျော်ရွှင်နှစ်သိမ့်ခြင်းကြီးဖြစ်သည်။ တစ်ကိုယ်လုံး တုန်လှုပ်ယိမ်းခါမတတ်ပင်တည်း။ မှောင်ရီသော်လည်း အထွေး၏ ပဝင်းသော မျက်နှာကလေးက ညအပြာမှိုင်းကို ဖောက်ထွင်းထင်ပေါ်သည်။ ခပ်ရေးရေးမို့ စိတ်က မျှော်မှန်း



www.burmeseclassic.com

www.burmeseclassic.com



သည့်အတိုင်း အပြုံးလဲ့လဲ့ကို မြင်မှားသည်။ စိတ်အလိုလိုက်၍ ကျေနပ်ဝမ်းသာသည်။ ပြီးတော့ အထွေးမရှိတော့ချေ။

ကိုယ်ဘယ်လောက်ကြာကြာဆက်ပြီး ရပ်သေးသည် ဆိုတာတော့ အထွေးကလွဲ၍ ဘယ်သူမှ မသိသည့် လျှို့ဝှက်ချက်ပင်၊ အထွေးနှင့် တွေ့ရပုံကလေးကို ပုံမပျက်ထားလျှင်ပင် ဖြစ်တော့မလို၊ မရွေ့လျားရဲဘဲ သည်အတိုင်း နေရသည်။ ခြောက်ခြားသော တောသံတို့သည်ပင် မြို့ဘက်သို့ ရိုက်ခတ်ခဲ့လေပြီ။ တောင်ပေါ်မှ မီးစောင်းတန်းတို့သည်လည်း အရှိန်ရကာ ထိန်ဝါနီရဲလေပြီ။ ဧရာဝတီမြစ်၏ တစ်သမတ်တည်း စီးဆင်းသော ရေအလျဉ်၏ ခရီးတွင်သောအသံ ခယောက်ခယက်က ညကို ကျီစယ်နှောင့်ယှက်လေပြီ။

ထိုည၌ ကိုယ်သည် အိပ်ရာပေါ်၌ တစောင်းလိမ့်လျက်သာ ရှိနေတော့ကာ မှောင်ထဲ၌ ရယ်မောနေသေး၏။ ဂွမ်းဖတ်စောင်ကို ပွေ့ပိုက်ကာ ခေါင်းအုံးကို ပါးပြင်နှင့်အပ်သေး၏။

မိုးလင်းသံ မညီးညံခင်မှာမှ အထွေးဖို့ အိပ်မက်အတိနှင့် အိပ်ပျော်ရသော်လည်း အိပ်မပျော်ခင်တော့ ရစ်ဝေ့လာသော မျက်ရည်စများကို မသုတ်ရက်ဘဲရှိကာ ခေါင်းအုံးစွပ်မှ ဖဲချည်ထိုး စပယ်ပွင့်တစ်ပွင့်ကို ညင်သာယုယနှင့် မျက်စေ့စုံမှိတ်ပြီး မဆုံးနိုင်အောင် နမ်းမိလေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

[၃]

ထို့နောက်တော့ ကိုယ်သည် မမြင်ရသော မတွေ့ထိသာသော ပင့်ကူစေးမျှင်ကြိုးနှင့်ချည်ထားသကဲ့သို့ အထွေးသွားရာကို နောက်က မသိလိုက်မသိပါ ပါလျက်ရှိသည်။ အထွေးက တစ်ခါတရံ တုပ်ပြီးဆွဲလိုက်သလို ငိုက်ခနဲ အနီးသို့ရောက်လာပြီး တစ်ဖန် အထွေး၏ အမှုမဲ့နေဟန်များက ကိုယ့်ကို အဝေး၌ ချန်ထားရစ်ခဲ့ပြန်၏။ သည်လိုနှင့် သံသရာ ရှည်ကြာခဲ့ရသည်။ သို့သော် ချစ်ခြင်းမေတ္တာဆိုသည်မှာက သံသရာထက် ဖွဲ့ကောင်းသည်။ စိတ်ရှည်သည်။ ကြာရှည်ခံသည်။ ထို့ကြောင့် အထွေးသည် ဧရာဝတီမြစ်တွင် အလယ်မှခွဲ၍ ပေါ်ထွန်းသော ဟိုဘက်သောင်မြေသို့ ငှက်နှင့်ကူး၍ ခေါင်းသွားလျှော်ရာမှာ ကိုယ်နှင့်တွေ့ဆုံရသည့် အဖြစ်သို့ရောက်ရ၏။

ချစ်တတ်သည် မှန်လျှင်တော့ မှတ်မိဦးမည်အထွေး။ အထွေးက မြစ်လယ်သောင်မြေသို့ တစ်ယောက်တည်း ကူးသည်လေ၊ အထွေးသည် တစ်ယောက်တည်းနေဖို့ မွေးဖွားလာသူ



www.burmeseclassic.com

www.burmeseclassic.com



တည်း။ ထို့ကြောင့် ဝမ်းနည်းသည်လို့လည်း အထွေးမရှိလှ။ အထွေးက ဘယ်လိုဖြစ်ဖြစ် နေတတ်သည်ဆိုတာကို ထပ်တခါ ခါ မပြောပါလေနှင့်ဦး။ အထွေးသည် လွတ်လပ်ပျော်ရွှင် လေ လွင့်ချင်သည်။ ရောက်လာစ မြို့တွင် အထွေးသည် ဝိုင်းဝန်းကြည့် ကြသော မျက်လုံးများကို သတိမထားမိသည့်ပမာ တစ်ယောက် တည်းပင် လှည့်လည်သွားလာနေသည်။ ယခုလည်း စောစီးအေး ချမ်းသော မနက်ငါးနာရီတွင် တစ်ဖက်သောင်သို့ ငှက်ဖြင့် ကူးလေပြီ။

တစ်ဖက်သောင်၌ လူရှင်းလှသည်အထွေး၊ တံငါတဲ နှစ်တဲနှင့် ယာတဲတစ်တဲသာရှိသည်။ သဲသောင်သည် ကျယ် ဝန်းလှသည်လို့ သိသော်လည်း သဲသောင်၏ တစ်ဖက်စွန်း၌ရှိ သော ဧရာဝတီမြစ်ကို တစ်ဖန်ပြန်၍ မတွေ့စဘူးသေး။ မြို့နှင့် စပ်သော ဧရာဝတီမြစ်ရေပြင်က ပို၍ ကျဉ်းသည်လို့ အဆိုရှိ သော်လည်း သဘော်ဝင်သာအောင် နက်သည်ပင်ဖြစ်သဖြင့် မြစ်လယ်သောင်မြေ၏ ဟိုတစ်ဖက်က ဧရာဝတီမြစ်ပြင်ကို ပိန်း ကောလေ့နှင့် လှော်ခတ်ပျောက်ကွယ်သွားလေ့ရှိသော မြို့သို့ ဆင်း၍ ဈေးလာဝယ်သူများသာ မြင်ဖူးကြမည်ထင်သည်။ ပြီး တော့ မြစ်လယ်သောင်မြေကလည်း ခိုင်မြဲသလောက် မပြန့် ကျယ်လှလေရာ အထွေးသာ သောင်ပြင်ပေါ်သို့ ငိုက်ယွန်းလျက် ရှိသော ဖြူမှိုင်းသည့် တိမ်တိုက်စွန်းသို့ တက်ထိုင်၍ ငုံ့ကြည့်မည် ဆိုလျှင် ဧရာဝတီမြစ်သည် သဲသောင်၏ မြောက်ဘက်တစ်စ တွင် ရေနှစ်ကြောင်းခွဲ၍ သဲသောင်ကိုကွင်းကာ စီးဆင်းကာ တောင်ဘက်တစ်စကျတော့ ပြန်၍ပေါင်းစပ်ပြီး အောက်ပြည်



www.burmeseclassic.com

www.burmeseclassic.com



အောက်ရွာသို့ လိမ့်လျောသွားဟန်ကို မြင်ရမည်။ ပြီးတော့ သဲသောင်သည် စိန်ကွက်သဏ္ဍာန်လား၊ ဆင်ဦးကင်းသဏ္ဍာန်လား၊ ကြက်ဥလိုပင် ဝန်းလေသလား။ နေကြာစေ့လိုပင် ရှည်မြောလေသလားလို့ ပြောပြနိုင်ဦးမည်။

သို့သော်လည်း အထွေးကတော့ ဘာကိုမှ သတိမရဟန်နှင့် သဲမြေပေါ်တွင် ဖိနပ်မပါဘဲ လျှောက်လျက်ရှိသည်။ အထွေး၏ကိုယ်တွင် ဘယ်တော့မှ အောက်မချဘဲ လွယ်ထားလေ့ရှိသည့် နာမည်ဆိုးလှသော ပိုးမဲရှမ်းလွယ်အိတ်အပြင် ကိုယ်တို့မြို့ဈေးမှာ ချရောင်းတတ်သော ကြွေစေ့ဖြူကလေးများ တဝေဝေနှင့် ကချင်လွယ်အိတ်တစ်လုံးပါသေးသည်။ ကချင်လွယ်အိတ်ထဲတွင် ဓာတ်ဘူးပါဟန်၊ မုံ့ပဲသရေစာပါဟန်ကို မှန်းမြင်ရ၏။

အထွေးနှင့် တစ်ခေါ်လောက်က လိုက်လာသူ ကိုယ်ကလည်း တစ်ယောက်တည်းပင် ရှက်ကိုးရှက်ကန်းနိုင်လှသေးသည်။ အထွေးက မြင်သွားမှာလည်း စိုးရသည်။ အထွေးကတော့ ဘယ်တော့မှ လည်ပြန်လှည့်ကြည့်လေ့ မရှိချေ။ သို့သော်လည်း ကြောက်သည်ပင်။ အထွေးတစ်ယောက်တည်း လာရမလားလို့ စိတ်ထဲက ပူပန်ခြင်းလည်း ဖြစ်သည်။ ဒေါသလည်း ဖြစ်သည်။ အထွေးကသာ မသိဘဲနေသည်။ အထွေးသွားလေရာကို ဘာဖြစ်မှန်းမသိ လိုက်မိနေသူကတော့ အခါခါပင် စိတ်ပင်ပန်းခဲ့ရပြီ။ ယခုလည်း အထွေးဘယ်အထိ သွားမည်မသိ။

အထွေးက ဟိုဘက်တစွန်းသို့ရောက်အောင် သွားမည်ထင်သည်။ သဲမြေကို ငုံ့ကြည့်လျက် တစိုက်စိုက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အထွေးခြေလှမ်းများက သွက်လှသေး၏။ ကိုယ်နှင့် ဝေးဝေး သွားသေး၏။ အထွေးလမ်းလျှောက်ဟန်မှာ နွဲ့ပျောင်းခြင်း မရှိလှဘဲ တောင်တက်သော ကချင်တို့လို အမူအရာ ဖျတ်လတ် ပေါ့ပါးလှသေး၏။ ကိုယ့်လိုသဲမှုန်များကို ခလုတ်တိုက်၍ ဖုံထ စေခြင်းမရှိ။ အထွေးကို မှီအောင်လိုက်လာရာမှ ကိုယ်လည်း ခဏအရိုန်သတ်ရသေးသည်။ အကြောင်းကား အထွေးသည် နှုန်းမြေနည်းလှသဖြင့် မဖွံ့ဖြိုးလှသော ယာကြဲကြဲအနားတွင် ပြုန်းခနဲကုန်း၍ တစ်ခုခုကို ကောက်ဟန်ကို မြင်ရသောကြောင့် တည်း။

ထို့နောက် ကချင်လွယ်အိတ်ထဲ အထွေးလက်လျှိုဟန် မြင်ရ၏။ ကချင်လွယ်အိတ်မှာ ရှည်လျားပြီး အထွေး၏ ခြေ သလုံးဆီကိုပင် အမြိတ်များက လာရောက်ထိခိုက်နေသေး သည်။ ပြီးတော့ အထွေးသည် ဟိုလူသည်လူကို မလုံသလို လှည့်ပတ်ကြည့်ဟန်မြင်ရပြန်တော့ ကိုယ့်မှာ စိတ်ဆင်းရဲတစ် ချက်ဖြစ်သေးသည်။ ထို့နောက်တော့ အထွေးသည် ခေါင်းငိုက် စိုက်နှင့် လျှောက်မြဲလျှောက်လျက် ရှိလေသည်။

နေရောင်သည် တောင်များနောက်မှ ဝင်းဝါ၍ တက် ခဲ့သည့်အခါမှ အထွေးသည် သောင်၏တစ်ဖက်၌ထိုင်ကာ ကိုယ်မမြင်ဖူးသော မြစ်ပြင်ကို ငေးလျက်ရှိလေပြီ။ သည်ဘက် မြစ်ရေသည် ပို၍ကျယ်ပြန့်သည်အမှန်၊ ပို၍ ကြည်လင်သည်အမှန် ဖြစ်လေ၏။ အထွေးက မရည်ရွယ်သော်လည်း ကိုယ့်ကိုခေါ်ခဲ့ မိလျက်သားရှိခဲ့ရာမှာ သည်နေရာသည် ပထမဆုံး ကြုံတွေ့ ရောက်ရှိရသည့် နေရာသစ်ဖြစ်၏။ ကိုယ်သည်စိတ်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



မသက်မသာလိုလို ဖြစ်ပြန်သည်။ သို့သော် အထွေး သည်ကို လာချင်သည်။ သည်မှာနေချင်သည်။ ကိုယ်က အလိုလိုက်ပါမည် အထွေး။ အထွေးကို ပျော်ရွှင်စေချင်သည်။

အထွေးကမူ ပျော်ရွှင်ဟန်မရှိ။ ညှိုးငယ်ခြင်းလည်း မဖြစ်ဘဲ ကချင်လွယ်အိတ်ထဲမှ ပစ္စည်းများကို ထုတ်လျက်ရှိလေသည်။ ရွှေကူမြို့ဖြစ် ထူအမ်းသော မြေအိုးကလေးတစ်လုံး ထွက်လာသည်ကို မြင်ရ၏။ ဓာတ်ဘူးကိုထုတ်သည်။ မုန့်ထုပ်ကို ထုတ်သည်။ ထို့နောက် နုသေးသဖြင့် အမွှေးစုတ်ဖွားထသော အကွက်မပီသေးသည့် ဖရဲသီးနှစ်လုံးကို ထုတ်လေရာ...၊ ခုနကုန်းကောက်သည်မှာ ဖရဲသီးခူးခြင်းဖြစ်သည်လို့ ယခုမှ အံ့သြခြင်းကြီးနှင့် သိရှိရပေ၏။ ကိုယ်အံ့သြဆဲမှာပင် အထွေးသည် ကချင်လွယ်အိတ်ကို အမြိတ်စွန်းနှစ်ဖက်မှ စုံကိုင်၍ ခါချလေရာ ပြုတ်ပြီးသား ကင်မွန်းသီးတောင့် လေး ငါးတောင်နှင့် ထုထားသော ချွဲစီးများထွက်သည့် သရော်ချောင်းများ ကျလာလေ၏။ သဲနှင့်ပေကုန်လေ၏။

အထွေးသည် ဧရာဝတီမြစ်ရေကို အိုးနှစ်ခပ်၍ သရော်ကင်မွန်းရည်နယ်လျက်ရှိစဉ် ကိုယ်လည်း ရှေ့မတိုးသာဘဲ ညာဘက်သို့ ပန်း၍ကွေ့ကာ ကမ်းစပ်သို့ ဆင်းခဲ့ရလေ၏။ အထွေးသာ ကိုယ်လုပ်ပုံကို အစအဆုံး မြင်မည်ဆိုလျှင် မျက်မှောင်ကလေး ကြုတ်သော်လည်း ရယ်ရွှင်ရလိမ့်မည်ထင်သည်။ သို့သော် အထွေးက လောက၏အပဥ္စ တစ်ယောက်တည်းရှိနေသူပမာ၊ ခေါင်းလျော်ဖို့ပြင်ရာက အဝတ်အစားချွတ်လေရာ သစ်တစ်ပင် ဝါးတစ်မျှင်မျှ မပေါက်သော သဲသောင်မြေရေစပ်၌



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခတ်စီးဆင်းသွားသော ရေစ၊ ရေနများကိုသာ ငုံ့ကြည့်ကာ စိတ်ဝင်စားရလေသည်။

ထို့နောက်ကား အထွေးခေါင်းလျှော် ရေချိုးသည်ကို ကိုယ်က မဆီမဆိုင် စောင့်ရသည်။

အထွေးက စောစောက အဝတ်ဟောင်းများကိုပင် ပြန်၍စွပ်ပြီးပြန်တော့ ကိုယ်ဘာလုပ်ရမည်မသိပါချေ။

သို့သော် ဘယ်နတ်တိုက်တွန်းလေလို့ အထွေးက ကိုယ့်ကို တည့်တည့်မြင်ပါလေသလဲ။ မပြောင်းလဲသည့် မျက်နှာထားရှိလျက်က ဘယ်နှယ်ကြောင့် ဖိတ်မခေါ်ပါလေသလဲ။ ရှက်ကြောက် ငိုချင်ခြင်းကြားက ကိုယ်က အထွေးနားကပ်လို့ဘာကြောင့် အထွေးနှင့်ကိုယ်တို့ တွေ့ဆုံလေသလဲ။

ဘာပဲဖြစ်ဖြစ် အထွေးနှင့်ကိုယ် သည်တော့ စောင့်ကြည့်တတ်သူတို့ မျက်ကွယ်တွင် ချိန်းဆိုတွေ့ဆုံကြသည့် သမီးရည်းစားသည်များလို အလွယ်တကူပင် ရင်းနှီးလေပြီ။ အထွေးကျွေးသည့် တို့ဟူးအဖြူပျဉ်သုပ်ကလည်း စပ်ပါဘိခြင်း။ အထွေး၏ ဖရဲသီးနုကလည်း ကျွတ်ပါဘိခြင်း။ နောက်ဆုံး၌တော့ အထွေးသည် အထွေး၏ နာမည်ပျက်လှသော ရှမ်းလွယ်အိတ်မဲကို တယုတယဖွင့်ကာ၊ စက္ကူထုပ်ပေါင်းများစွာ၊ တဖြောင့်တည်းနေသော ပုလင်းငယ်ပေါင်းများစွာကို ထုတ်သည်။ အသေအချာ ရွေးချယ်ပြီးမှ နုအောင် မကြိတ်ရသော မြို့တိုးမြက်တက်၊ ဂျိုးဂျိုးဂျစ်ဂျစ်နိုင်လှသည့် ဆေးမှုန့် လက်တစ်သစ်လောက်ကို အထွေးလည်းမျို၊ ကိုယ့်လည်းမျိုစေသည်။ အထွေး၏ ဓာတ်ဘူးထဲမှ ရေနွေးကိုလည်း တလှည့်စီ ကျိုက်ချရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကိုယ်ပြောသည် အထွေး။ ကိုယ်တို့သည် ဇာတိစဦးကပင် ကျွမ်းဝင်ခဲ့ကြသည်ပင်။ အထွေးက ရှင်လန်းဟန်ပါလှသော လေသံဖြင့် စကားအနည်းငယ်ပြောစဉ် ကိုယ်က လက်ဖျားများ တုန်ရီနေသော်လည်း နှစ်ယောက်လုံး၏ မျက်နှာမှာ တစ်ယောက်ကိုတစ်ယောက် ကောင်းစွာ မှတ်မိသည့် အရိပ်အရောင်ပေါ်ထင်သည်။ အထွေးက အသံမအက်ဘဲ ပြောနိုင်သေး၏။ မျက်နှာအမူအရာ ကြည်လင်နိုင်သေး၏။ ကိုယ်ကသာ အထွေးကိုလည်း ကောင်းစွာမကြည့်ရဲ၊ အထွေးမျက်နှာနှင့် ဝေးရာကိုလည်း မျက်စိမလွှဲနိုင်ဘဲ တစောင်းတစေ့ မြင်ရသည့်အရပ်မှာ မျက်နှာထားကာ ငိုချင် ရယ်ချင်ရှိသည်လေ။ သို့သော် အထွေးနှုတ်က ချိုရွှန်းလှသည်။

အထွေး စပြောသည်မှာ အထွေး၏ ဆေးစွမ်းထက်ပုံပင် ဖြစ်သည်ထင်၏။ ဟုတ်သည်။ အထွေးက ပြောသည်မှာ–

"ဒီဆေးက ငှက်ဖျားတော့ တကယ်နိုင်တယ်ရှင်၊ ပြာရည်သောက်မိတဲ့လူတောင် ဒီဆေးသောက်ရင် ငှက်ဖျားချက်ချင်းကျတယ်"ထို့နောက် ပြာရည်ဆိုသည်ကို ကိုယ်နားမလည်မှန်းသိ၍ ရှင်းလင်းသေးသည်မှာ 'ပြာရည်ဆိုတာက တောင်ကြိုတောင်ကြားက ဆင်းလာတဲ့ ဖက်ဆွတ်ရည်ကို ပြောတာရှင့်၊ သောက်မိရင် မပြောနဲ့။ လက်နဲ့ထိရင်တောင် ငှက်ဖျားကြီးမိလို့ပုဇွန်ဆိတ်လို ခုန်နေရသတဲ့'အထွေးက ဝဲသလိုလိုရှိသည်။ ရှမ်းဝဲသလိုလည်း မဟုတ်၊ ကချင်ဝဲသလိုလည်းမဟုတ်ချေ။ အထွေးစကားပြောပုံကိုလည်း ကိုယ်က ဆန်းသည်ဟု ထင်သေး၏။ သို့သော် အထွေးဖြစ်သည်မို့ ဆန်းခြင်းသည် ကြည်နူးဖွယ်ကောင်း၍ ဝဲသံလည်းသာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် စင်စစ် ကိုယ်သည်လည်း အထွေး၏ နာမည်ဆိုးသည့် ဆေးလွယ်အိတ်ကို ငြိုငြင်သလိုဖြစ်၏။ သူများ တကာလို ညစ်ညမ်းသည်လို့ မစွပ်စွဲသော်လည်း သူများတကာ ပြောသည့် အောက်လမ်းဆရာမဟူသော နာမည်အတွက် ရင်ညွန့်မှ ကျင်ဝံ့လေပြီ။ အထွေး၏ ဝင်းပ၍ ကြွေကြီးလှသော မျက်နှာထားကို မြင်ရခိုက်မှာတော့ ကိုယ်သည် အင်အားများ သစ်လျက်ရှိကာ အထွေးကို ယုံကြည်လျက်ရှိလေ၏။

အထွေးက မြွေဆိပ် အမျိုးမျိုးအကြောင်း ပြောသေး၏။ ကိုယ့်မှာ အနာသွေးလွန်နေသည်ရှိက မြွေဟောက်ဆိပ်နှင့် တို့ပြီး တိတ်စေနိုင်သေး၏။ မြွေပြီးအောင်လည်း အထွေးကဲ့သို့ မြွေဆိပ်မကျည်းစေ့ခန့်ကို နေ့စဉ် မျိုချမည်ဆိုလျှင် မျိုနိုင်သေး ၏။ ဝါးစုတ်တံ တုံးတိတိနှင့် ထိုးရသော မြွေဆေးလည်း ထိုးနိုင်သေး၏။ ပယောဂလည်း ကင်း၏။ အထွေး၏ စကား အဓိပ္ပာယ်ကို ကောင်းစွာမရှင်းလင်းအောင် ရှက်ကြောက်နေသော ချစ်ခြင်းမေတ္တာဖြင့် ရင်ခုန်နေသော ဆယ့်ကိုးနှစ်သားငယ်ကမူ အံ့သြကြောက်ရွံ့သလိုရှိကာ စပါးကြီးမြွေက ညို့လေသလား လို့သာ ထင်တတ်လေ၏။

“ရေချိုးဦးရှင် မောင်ကလေးရေ”ဟု အထွေးက ခိုင်း ပြန်တော့ ကိုယ်လည်း ခေါင်းပင်ယောင်လို့ မညိတ်ပြတတ်တော့ ဘဲ။ မျက်နှာပျက်ပျက်၊ စိတ်ချမ်းမြမြနှင့် လိုက်လှဲတုန်ခိုက်ကာ ရေခဲလို အေးစက်သော မြစ်ရေကြည်ထဲသို့ ဆင်းရလေသည်။

မြို့ဘက်သို့ ပြန်မည်လို့ နှစ်ယောက်သား လာခဲ့ကြ လျှင်တော့ ကိုယ်ကိုယ်တိုင် လှော်ခတ်ခဲ့သည့် အိမ်ကလှေသာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မထွေးငှက်က မစောင့်နေပါလား၊ ကျွန်တော့်လှေနဲ့ လိုက်ခဲ့ပေါ့"ဟု ကိုယ်က မဝံ့မရဲပြောလျှင် အထွေးက နာမည်အခေါ်ခံရတာ ဘာမှ မသိလိုက်သလိုပင် ကိုယ်တစ်ချက် မတို့ဘဲ 'ငှက်ကိုစောင့်မှ စောင့်ခိုင်းမထားဘဲရှင်'ဟု ပြောသည်လေ။

"မပြန်တော့ဘူးလို့လား'ဟု မေးမိမေးရာ မေးသေးတော့ အထွေးကလေးက ခေါင်းခါငြင်းဆန်ရုံမက၊ ကိုယ့်ကို ရဲရဲကြည့်ကာ 'မောင်ကလေး လှေနဲ့လိုက်လာတာ မြင်သားပဲ'ဟု အေးအေးပင် ပြောသေးသည်။ သည်လိုဆိုတော့ အထွေး၊ အထွေးက မြေနုသောင်ကဆင်းပြီး တပ်ကုန်းဟိုဘက်စွမ်းအထိ ရေစပ်က ဆင်းလျှောက်သည်ကို တကောက်ကောက်လိုက်ခဲ့ သည်များကိုလည်း မြင်မည်ပေါ့။ ဆိပ်ဖလူးပန်းကောက်၍ သီတံနှင့် သီသည်ကို ဆိပ်ဖလူးကိုင်း လှုပ်ပေးချင်လျက်က သစ်နွယ်ရှုပ်အကွယ်က မထွက်ရဲသည့် ကိုယ်က ချောင်းမြောင်းကြည့်ရှုနေခဲ့သည်များကိုလည်း မြင်မိမည်ပေါ့။ မိုးကောင်းဘက်ကို အထွေး လှည်းကြုံစီးတော့ မနီးမဝေးက ရစ်သီသည့် ဘိုင်စကယ်တစ်စင်းကိုလည်း မြင်မည်ပေါ့။

အထွေးက မတုန်လှုပ်ဟန်နှင့် မြင်တတ်၊ သိတတ်သူမို့ တစ်ရေးနိုးလျှင်ပင် အထွေးကို သတိရတာတွေ၊ မေမေတို့ ရှေ့မှာပင် နှုတ်က တ,တာတွေတောင် သိချင် သိနေမည်။

ကိုယ်က ဘာမှမပြောတတ်ဘဲ ထူပူနီရဲသည့် မျက်နှာနှင့် မျက်လွှာမပင့်ဝံ့ရှိဆဲပင် အထွေးက "ကဲ လှေပေါ်တက်လေ၊ အိမ်ချင်းကပ်နေတာပဲ အတူပြန်တာပေါ့"ဟု ပြောသေးသည်။ 'မောင်ကလေးက လှော်ပါ။ ဒီက ပဲ့ကိုင်တတ်သားပဲ'ဟု



www.burmeseclassic.com

www.burmeseclassic.com



စိမ်သေး၏။ ကမ်းမှခွာမိလျှင်တော့ "ဒီသောင်ကို တစ်ပတ်ပတ် လှော်ရ မကောင်းလားရှင်"ဟု အကြံပေးသေး၏။

ကိုယ်ကတော့ တစ်ပတ်မက ဆယ်ပတ်မျှ ပတ်လို့ နောက်ဆုံးမောတော့ အောက်ပြည်ဆီ မျှောလိုက်သွားချင်သည်။ အထွေးသာ လိုက်နိုင်မည်ဆိုလျှင်လေ။ စိတ်က ရှုပ်ထွေးလွန်းလှ၍ အထွေးမလိုက်နိုင်လည်း ကိုယ်ကသာ အထွေးနားက ခွာနိုင်မည်ဆိုလျှင် တစ်ယောက်တည်းပင် မျှောလိုက်ချင်ရဲ့။ ပင်လယ်ရောက်မှ ရေအောက်သို့ မြုပ်ချင်ရဲ့။ သို့သော် စိတ်ကို မထိန်းတတ်သေးသည်မို့ပဲ့ကိုင်ကျင်လည်ဟန်ရှိသည့် အထွေးက အစင်းလိုက်နေသော ရေစီးကြောင်းများကို ဖျတ်ခနဲ ရေနှင့်ထိတယ်ပင် မထင်ရအောင် ကျော်ဖို့ လှေကို စောင်းကွေ့စေလျှင်တော့ ကိုယ်သည် ဘယ်တိုင်ဖျားမှာ နားရမည်မသိသည့် ကျုပ်ပင်ရိုးတစ်တိုင်နှစ်တိုင်နားက ပုစဉ်းအတောင်ကျားကလေးလို ပျော်ရွှင်ကြောင်လည်၍ နေပြန်သည်။

တောင်များကို ကျော်လွန်ခဲ့သည့် နေဝန်းက ခရီးအတော်ပေါက်သဖြင့် ဝင်းဝါထိန်တောက်လျှင်တော့ ကိုယ်တို့သည် အိမ်ရှေ့သောင်ပြင်ဆီသို့ ဆိုက်မိကြသည်။ အထွေးနှင့် မခွဲချင်သော်လည်း မရဲသူမို့ အိမ်ပေါ်ကို မျက်နှာပြလို့ မတတ်ဝံ့။ ဈေးကွဲချိန်မို့အိမ်ပြန်လာကြသော အိမ်ရှင်မများနှင့် လက်ဖက်ရည်ဆိုင်က ထွက်ခွာလာသူ ယောကျ်ားများက ဝိုင်းပြီးကြည့်နေသည်ကိုလည်း အထွေးက မမြင်သလို နေတတ်သလောက် ကိုယ်က ကြောက်သည်။ ကိုယ့်မှာ အပြစ်တစ်ခု ကျူးလွန်မိသလို ခေါင်းမမော်ဝံ့ ဖြစ်ရသည် အထွေး။ အထွေးကတော့ ခွင့်လွှတ်ပြီးသား



www.burmeseclassic.com

www.burmeseclassic.com



ပင် ဖြစ်မည်လေ။ သည်တော့ ကိုယ်သည် ကမ်းပေါ်မတက်ဘဲ လှေနှင့် ဆက်၍လှော်ထွက်ခဲ့ကာ စင့်ကင်ရွာသို့ တစ်နေကုန် အလည်ထွက်နေသည့်အကြောင်းသာ ပြောပါရစေတော့။

စင့်ကင်သို့မရောက်မီ ရေလမ်းတစ်လျှောက်မှာတော့ ဘာဆို၍ ဘာမှမသိခြင်းသာဖုံးလွှမ်းလျက် နှလုံးက ရွှန်းစို လျက်နှင့် မျက်ရည်များပြည့်လျှံကာ ပတ်လည်ရှိတောင်ခါးပန်း၌ နားခိုနေကြသည့် မြူခိုးများကိုသာ ငေးကြည့်နေခဲ့သည်။ သို့သော် ကိုယ်သည် ရှိုက်ကြီးတငင်တော့ သည်အချိန်ထိ မငိုရသေးချေ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

[၄]

ရှိုက်ကြီးတငင် ငိုရသည်မှာတော့ ရက်ပေါင်းများစွာ လွန်မြောက်ပြီးမှ ဖြစ်လေ၏။ အထွေး၏ ရှေ့မှာလည်း ဖြစ်လေ၏။

ဒါကိုတော့ အထွေးမေ့ပစ်လိမ့်မည်လို့ မမျှော်လင့်ပါ အထွေး၊ အထွေးသည် ကိုယ်စွပ်စွဲသလောက် ရက်စက်သူလည်း မဟုတ်သည့်အကြောင်း တစ်ခါတစ်ရံ ပေါ်သည်မို့ မမျှော်လင့်ပါ အထွေး။ အထွေးကို ချစ်သူ၊ ထင်စားသူ လူငယ်တစ်ယောက်၏ စွန့်စားရှင်ပျော်ခြင်းများသည် ဘယ်လောက်ကြီးကျယ်လည်း ကြီးကျယ်နိုင်၍ ဘယ်လောက်သနားစဖွယ်လည်း ဖြစ်သေးသည်ဆိုတာကို သိစေချင်သည်။ ဟုတ်သည်၊ မောင်ကတော့ ပျော်ရွှင်တတ်သည်လို့လည်း မဆိုစေချင်ပါ။ အထွေးအတွက် ပူလောင်ခဲ့သေးသည်။ သည်တော့ အထွေးက မေးဦးမည်မှာ "အထွေးမှာကော ခံစားတတ်တဲ့ အသိဉာဏ်မရှိတော့ဘူးဟာလား" ဒါကို ရှင်းရှင်းပြောရလျှင် မောင့်သံသယက ကြီးကျယ်လှသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



အမှန် အထွေး၊ သည်တော့ အထွေးက ဘာမှပြောတော့မည် မဟုတ်။ လက်ပိုက်ပြီး အေးအေးကြည့်မည်။ အရှည်အဝေး ရှင်းမပြအား အထွေးမာနက ကြီးမြင့်လှသည်။

မာနဆိုသည်မှာ သည်ဟာပါတကား ရယ်လို့အထွေး ပြသမှ သိရသူကတော့ ဦးစွာငိုသည်။

စင်စစ် ငိုချင်ခြင်းသည် မကြာခဏဖြစ်လျက်ရှိခဲ့သည် လေ။ အထွေးက စိတ်ရှင်းလက်ရှင်း နေတတ်သူမို့သာ အထွေး နှင့်တွေ့လျှင် ကိုယ်ပါအေးဆေးသွားရသည်။ အထွေးနှင့် ကင်း၍ နေသည့် ကာလများမှာတော့ ကိုယ့်အဖို့ လူ့ဘဝကို ငရဲနှင့် ယိုးမှားလျက်ရှိပြီ၊ မေမေနှင့်မမတို့၏ ချစ်ခင်ဆုံးမစကားများကို မကြားနိုင်သည်မှာတော့ လူစင်စစ်က ကျတ်ဖြစ်လို့သာ ကြေး စည်သံ မကြားနိုင်သလို ရှိသည်ထင်၏။

မေမေနှင့်မမကစ၍ တစ်မြို့လုံးကတော့ အထွေးကို ယုတ်မာနိမ့်ကျသော မိန်းမတစ်ယောက်လို့ စွပ်စွဲလျက်ရှိလေ သည်။

အားလုံးကတော့ မောင့်ကို ရှမ်းမ၏ဆေးမိပြီဟု ယူ သည်။ စင်စစ် သောင်ပြင်ကိုမရောက်ကြခင်ကတည်းက ဆေးမိ သည်ဆိုတာ သူတို့မသိရှာကြ။ အထွေးရောက်သည့်ညက ဂန္ဓမာပင်အကြားမှာ ချစ်သူ၏ အပမှီခဲ့သည်ဆိုတာ မသိရှာကြ။ ပြောရမည်ဆိုလျှင်တော့ အထွေးဆိုသည်ကို ကိုယ်ရဲ့ ချစ်တတ် သည့် စိတ်အင်အားက နာနာရပ် ဖန်ဆင်းခဲ့သည်ဆိုတာ မသိ ရှာကြ။



www.burmeseclassic.com

www.burmeseclassic.com



မေမေနှင့်မမတို့သည် ခေါင်းချင်းရိုက်၍ ငိုလိုက်၊ ဘေးချင်းတိုက်နှင့် ဘုရားရှိခိုးလိုက်ဖြင့် ကိုယ့်အတွက် ပူပန်ကြဆဲ။ ကိုယ်သည် ဒေါ်မြမင်းတို့အိမ်ကို မိုးလင်းမှ မိုးချုပ်အထိ လည်လျက်ရှိသည်။

မှူးမတ်မျိုးဟူ၍ နွမ်းပါးသလောက် ဝင့်ဝါတတ်သော ကိုယ့်မြို့ခံလူများနှင့် တည့်အောင်ပေါင်းလေ့မရှိသည့် ဒေါ်မြမင်းတို့ ညီအစ်မကမူ ကိုယ့်ကို ကောင်းစွာ လက်ခံသည်။ သူတို့က အထွေးကို သခင်မလိုသဘောထားသည်လို့ အထွေးပင်ပြောပြသည်။ အထွေးက ကိုယ်နှင့် ဆက်ဆံဖို့ရာ အောက်တစ်ဆင့်မကပင် ဆင်းလိုက်ရသေးသည်ဟု ထင်ကြသည်။ သို့သော် အထွေးက ကိုယ့်ကို ပခုံးတွဲမှီ၍ နေပြဖို့၊ လက်ချင်းဆုပ်ထွေး၍ ကြည်နူးဖို့ ဝန်မလေးသည်ကိုမြင်သော် မောင်တို့ ပျော်ရွှင်ခဲ့ကြသည်လေ။

ဧရာဝတီမြစ်ရေနှင့် မြေနုသောင်ပြင်သာလျှင် ကိုယ်တို့၏ ချစ်ကျွမ်းဝင်ဟန်ကို ကောင်းစွာသဘောပေါက်နိုင်မည်။ သဲသောင်ပြင်၏ ရင်ခွင်မှာ ကိုယ်တို့ မနက်တိုင်း ညနေတိုင်း သားငယ် သမီးငယ်များလိုဝင်၍ တိုးခွေ့ကစားကြသည်။ ဧရာဝတီ၏ မြစ်ရေအလျှင်မှာတော့ ကိုယ်တို့ လူးလိမ့်နစ်ဝင်မတတ်ပင်လေ။

အထွေးက ရေငုပ်တတ်သည်။ အထွေးက စလည်းစတတ်သည်။ ရေငုပ်သွားပြီး ပေါ်မလာဘဲနေခြင်းဖြင့် မောင့်ကိုခြောက်ခြားစေသည်။ မောင်က မငုပ်တတ်ဘဲနှင့် နစ်သွားရှာသလား၊ အထွေးရေလို့ ရေထဲလိုက်လို့ရှာတော့ မငုပ်တတ်သူ



www.burmeseclassic.com

www.burmeseclassic.com



မို့ နစ်ချင်ချင်ရှိမှ အထွေးက ဖေးမလို့ ရေတိမ်ရာ ခေါ်ခဲ့စမြဲ။ တစ်ဖက်ကမ်းကို လက်ပစ်ကူးလျှင် မောင်က ကြောက်တော့ အထွေးက ထိန်းသိမ်းလို့ကူးစမြဲ။ အထွေးကထဘီကို ပူဖောင်း လုပ်၍ လှိုင်းစီးမှ မောင်က သည်လောက်တော့တတ်သူမို့ ပြိုင်တူ လိုက်၍မျှောရဲသည်။

တစ်ခါတစ်ရံတော့လည်း ကြိုကြိုကြားကြားက စီးဆင်းလာသော မြစ်ရေနောက်သို့ တန်းတန်းပါအောင်လိုက်၍ ချောင်းငယ်၊ လျှိုငယ်သို့ရောက်လျှင် သစ်နွယ်ခြုံရိပ်မှာ တိတ်တ ဆိတ်ထိုင်ကြပြီး ငါးမျှားရသေးသည် မဟုတ်လား။

အထွေးသာလျှင် အမြဲငါးရ၍ အထွေးရသော ငါးက အမြဲကြီးသည်။ အထွေးက လက်လည်းသွက်သည်။ ငါးရလျှင် ဘဟက်ကိုလက်လျှို၍ဖဲ့ပြီး လူးလူးလွန့်လွန့်နေရာက စားစရာ ဖြစ်အောင် ဘေးမှာ မီးပုံဖို၍ကင်သည်။

ထိုအခါ မောင်ကတော့ ပုရွတ်ဆိတ်ကို နင်းမိလျှင် ပါဏာတိပါတာကံရယ်လို့ စိတ်မချမ်းသာဖြစ်တတ်အောင် သင်ကြားပြသခြင်း ခံယူခဲ့သူမို့ နှလုံးထိတ်ထိတ်နှင့် အံကျိတ်ကာ သာ ကြည့်ရသည်။

ထိုခဏ၌ မောင် ကြံစည်မိသေးသည်မှာ အထွေးကို စွပ်စွဲစကားတစ်ရပ်အကြောင်းပင်တည်း။ ထို အကြောင်းကတော့ မှန်သည်မမှန်သည် ဆိုတာကို မောင်မသိရဲ။ ပြီးတော့ အထွေး ကိုလည်း မျက်နှာချင်းဆိုင်ထိုင်၍ မျက်နှာပပဝင်းကိုကြည့်လျက် နေရလျှင်နှုတ်က မထွက်ရက်။



www.burmeseclassic.com

www.burmeseclassic.com



ကြားစကတော့ ကိုယ့်ချစ်သူမှာ အထွေးသာ ဖြစ်သည်မို့ ရယ်ရွှင်ဟက်ပက် ရှိသေး၏။ အထွေးကို ချီးမွမ်းအားကျသေး၏။ သို့သော် တစ်မြို့လုံးက သည်းမခံနိုင်အောင် ဖြစ်လာသောအခါမူကား ကိုယ်သည် ညစျေးတန်းကိုပင် မလျှောက်ရဲအောင် ဖြစ်လာသည်။

အထွေးနှင့် တွေ့ပြန်တော့လည်း အထွေးက ဘာမှမဖြစ်ပျက်ဘဲ ခါတိုင်းလိုပင် ကိုယ့်ကို ချစ်ချင်နိုင်ရာ ကိုယ်က စိတ်ကွက်မိလျှင် အထွေးအပေါ် သစ္စာဖျက်ခြင်းမျှ ဖြစ်ရမည်ပင်။

ကိုယ်တို့ အိမ်သည်လည်း အိမ်နှင့်မတူတော့ချေ။ မျက်ရည်တို့သည် ကိုယ့်ကွယ်ရာမှာသာမက ကိုယ့်ရှေ့မှာလည်း ကျချေပြီ။

မျက်ရည်ကျခြင်း၏ အဓိပ္ပာယ်ကို တော်တော်နှင့် နားမလည်သူ အထွေးကတော့ အံ့ဩတကြီး ရှိလှသည်။

"မောင်နဲ့ ကျွန်မတို့ ချစ်တာနဲ့ သူတစ်ပါး ငိုကြတယ်ဆိုတာ နားမလည်နိုင်ပါတော်"ဟု အထွေးကပြောသည်။

ထိုသို့ ပြောစဉ်က ကိုယ်မှတ်မိသည်မှာ နှင်းများသည် ပိန်းမှုန်ရိုက်ကာ ပတ်ဝန်းကျင်၌ ခဲလျက်ရှိသည်။ အားလုံးဝေနေသည်။ အထွေးက ဆိပ်ဖလူးပင်အောက်မှာ ပန်းကောက်ဆဲပင်၊ ကိုယ်ကတော့ ဆိပ်ဖလူးပင်ကိုမှီရပ်ရာက အကိုင်းများကို လှုပ်ပေးနေရသည်။ သည်လိုလုပ်ခွင့် ကြုံသည်မှာ ဆယ်ဘဝနှင့် လဲချင်စရာပင် ဖြစ်သော်လည်း ကိုယ်ကတော့ ကိုယ်တို့ ချစ်သူနှစ်ယောက်၏ အပက ရိုက်ခတ်လာသည့်ဒဏ်တို့ကို ခံနေရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အထွေးလို မကြွံခိုင်သူမို့လို့ ဆိုချင်လျှင်လည်း ဆိုပါ။

ကိုယ်က အရေးတကြီး ရှိသမျှ အထွေးက အေးမြမြ နေသည်။ ကိုယ့်ရင်ကတော့လေးပင်လှသည်။ အထွေးကမသိ။ ကိုယ်ကသာ ဒေါသနှင့် ယူကျုံးမရ ဖြစ်သလိုရှိကာ အိပ်ရာ၌ မှိန်းခွေနေတတ်သော မေမေနှင့်မမတို့ကို သနားခြင်းအထိ၊ အထွေးကိုတော့ အတောမသတ်သည့် အချစ်နှင့် ကလေးဆိုးကြီးလို အထွေးလည်ပင်းပေါ် မျက်နှာဝင်တိုးပြီး ရှိုက်ကြီးတငင် ငိုရသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

[၅]

အထွေးက ကြောင်ပြီးလက်ထဲတွင် ဆိပ်ဖလူးပန်းများ တစ်ဆုပ်စာ လောက်နှင့် မောင့်ကို ငေးပြီးနေသည်ကို မှတ်မိပါသေး၏။

အထွေး စိတ်မချမ်းသာကြီးစွာဖြစ်ရသည်ဆိုတာ သိရသည်လေ။ သို့သော် မောင် အမှန်ပြောရလျှင် မောင့်မျက်ရည်များသည် အထွေး၏လည်ပင်းပေါ် ရင်ဘတ်ပေါ် ရွဲလို့နေသော်လည်း ဝေဆိုင်းသောနှင်းဥနှင်းစက်များနှင့်သာ ရောရသည်ဆိုသည့်အဖြစ်ကို မကျေနပ်ပါချေ။ ငိုရှိုက်သံကို ဖြေးလေးနှေးတုံ့စွာ အော်တတ်သည့် နိုးကြားပြီး၍ အပြင်မှ တစ်ခေါက်ပြန်လာသည့် ငှက်များ အသိုက်တွင် နားနေညည်းညူသည်တို့ကသာ မကြောင်လည်အောင် အဖော်ပြုရှာသည်။ မောင်ရှက်သည်။

အထွေးကမူ "ဘာလုပ်ချင်သလဲ"ဟုသာ မောင့်ကို မေးသည်။ မောင်က ဘာလုပ်တတ်မည်လဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ချင်သလဲ ပြောလေ။ ကျွန်မ လုပ်မယ် မောင်"ဟု အထွေးက မေးသည်။ မောင်လုပ်ချင်သည်မှာတော့ ခုလောလောဆယ် ငိုယိုပြီး ပြီးတော့ ဘယ်သူကမှ ဘာမှမပြော ကြနှင့် အထွေးနှင့်ပျော်ပျော်နေချင်သည်။ ယှဉ်တွဲလို့ ကြည်ချင် သည်။

"အထွေးနဲ့ နေချင်တယ်၊ ဘယ်သူမှ ကြားကမဝင် စေချင်ဘူး။ မခွဲချင်ဘူး။ အတူနေချင်တယ်"ဟု ငိုညည်းပြီး နောက် "အထွေးကကော၊ မောင်နဲ့နေချင်ရဲ့လား"ဟု သံသယ လည်းမကင်း၊ ဆိုးနွဲ့လည်း ပြုချင်သဖြင့် ပါးပြင်ပပဝင်းအနား ချဉ်းကပ်လို့ မေးပြန်တော့ 'နေချင်သားပဲ မောင်'ဟူသော စကား အေးအေးကို ရလေသည်။

"အထွေးက အေးပါပေရဲ့၊ မောင်ကသာ ချစ်ရသူပါ" လို့ မကျေမနပ်နှင့် အရေးထဲမှာ ကပ်သပ်ရပြန်သည်။

"ကျွန်မ စကားပြောတတ်သူမှ မဟုတ်ဘဲကို၊ မောင်၊ ဘာလုပ်ရမလဲလို့ မေးတော့လဲ မပြောဘူးလား။ ကျွန်မတို့ ထွက်ပြေးမှပဲ ဖြစ်မယ်ထင်တယ်။ ကျွန်မလည်း မောင်နဲ့အတူ နေချင်တယ်ရှင်။ ကျွန်မဒီမှာ ကြာကြာလည်း နေရမှာ မဟုတ် ဘူး"

"ဟုတ်တယ် အထွေးရေ၊ ထွက်ပြေးရရင်တော့ ကောင်းမှာပဲ၊ ပျော်စရာပဲနော်၊ ပြီးတော့"

"ကျွန်မ ဒီမှာ ဆက်နေလို့မရတော့ဘူးဆိုတာ သိရဲ့ လား မောင်"ဟု အထွေးက အရေးနည်းနည်းကြီးလာသလို ထပ်ပြောမှ ကိုယ်ကနားလည်သလိုလိုရှိပြီး "ဘာဖြစ်လို့တဲ့ လဲဟင်"ဟု မေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပုလိပ်သားက နှောင့်ယှက်တယ်"

"ကြည့်စမ်း စောစောကတည်းက ဘာမှမပြောဘူး ခုမှပြောတယ်"

"စောစောက ပြောလည်း မောင်ဘာမှ တတ်နိုင်မယ် မထင်တာရှင်"

မောင်က အနည်းငယ်နာကြည်းရသော်လည်း စင်စစ် မောင်တတ်နိုင်တာ ဘာမှမရှိချေ။ အထွေးက အမှန်ကိုသိမြင်၍ နှုတ်မှလည်း ထုတ်ပြောတတ်သည်။ လိပ်ညာဖုံးကွယ်လို့မထား။

"ကျွန်မကို ၂၄ နာရီအတွင်း ထွက်သွားဖို့ နှင်မယ့် အမိန့်စာပေးတော့မယ်ထင်တယ်။ မောင်တို့မြို့က နယ်ခြား ဥပဒေဆိုတာရှိတယ် မဟုတ်လား။ အရင်တုန်းကလည်း အဲဒီလို အမိန့်စာမျိုး ကျဖူးတယ်။ အထက်ရှမ်းပြည်နယ်ရောက်တုန်း ကလေ ရှင်"

"အထွေးဘယ့်နှယ်လုပ်သိသလဲ"

"မောင့်အစ်မနဲ့ယူမယ့် ပုလိပ်သားကပြောတယ်၊ ကျွန်မဘာသာထွက်သွားရင် ကောင်းမှာပဲတဲ့၊ သို့မဟုတ်ရင်တော့ နှင်မှာပဲတဲ့"

"ကိုအောင်လား"

"ကိုအောင်ဆို ထင်ပါရဲ့မောင်"

သည်တော့မှ ကိုယ်သည် မေမေနှင့်မမကို စိတ်နာစပြု လာသည်။ ကိုယ်ချစ်သူအထွေးကို ကိုယ်နှင့်ဝေးရာသို့နှင်မည့် သူများကို မုန်းချင်သည်အထွေး။



www.burmeseclassic.com

www.burmeseclassic.com



“ဒါဖြင့်ရင် သူတို့သိပ်ပြီး အလုပ်လုပ်နေကြတယ်ပေါ့လေ”လို့ပြောတော့ အထွေးကလေးက နားမလည်နိုင်ဘဲ၊ ‘ဘာအလုပ်တုန်းမောင်’ဟု မေးသေးသည်။

“မောင်တို့ကို ခွဲဖို့ကြံတာကိုပြောတာ”

“မောင်က ခွဲရင်နေနိုင်မလား”

“ဖြစ်မှဖြစ်ရလေ အထွေးရယ်၊ မခွဲချင်လို့ မနေနိုင်လို့ပြောနေတာပေါ့၊ လာပါ ခုပဲထွက်ပြေးမယ်၊ ကချင်တောင်တွေဆီပြေးမယ်။ မကောင်းဘူးလား၊ အထွေးနဲ့မောင်နဲ့ ဝါးအိမ်ကလေးထိုးပြီးနေတာပေါ့၊ အောင်မယ် တောင်ပေါ်မှာ ကျားမရှိဘူးမကြောက်ပေါင်၊ ခွေးတွေမွေးထားမယ်၊ မကောင်းလား” စသည်ဖြင့် ကိုယ်က စိတ်ကူးယဉ်စပြုသည်။

တကယ့်အရေးကျတော့လည်း သိတတ်ရှရှာသူအထွေးက–

“ဒီလိုလည်း မဟုတ်နိုင်တာမောင်၊ မောင်က တောင်တက်တတ်လို့လား၊ မောင်ပင်ပန်းမှာပေါ့၊ တောင်တွေ မကျော်ခင် ပုလိပ်သားတွေနဲ့ လိုက်ဖမ်းမိမှာပေါ့”

“တက်တတ်ပါတယ်ဗျ၊ အထွေးကလည်း ဟိုတလောက သူငယ်ချင်းတွေနဲ့ တောင်တက်သွားသေးတာပဲ၊ တောတောင်က သိပ်စောက်ရင် မြေကြီးမှာပေါက်တဲ့နွယ်တွေကိုဆွဲတက်ရတယ် မဟုတ်လား”

“အဲဒီတုန်းက မောင်လိမ့်ကျတယ်ဆို မောင့်ပေါင်မှာတောင် ညှောင့်ကြီးနဲ့ခြစ်မိလို့ ဒဏ်ရာပါလာပါသေးတယ်



www.burmeseclassic.com

www.burmeseclassic.com



ကောရှင်၊ ကျွန်မ ဒီကဆီးပြီးတောင် ဆေးကုရပါတယ်ကောရှင်”

အထွေးက စဉ်းစားတွေးတောခိုက်မှာ ကိုယ်က ဘာလုပ်ရမည်မသိဘဲ မိုးကိုမျှော်လို့ ကြည့်နေသည်။ တောင်များကပတ်လည် ဝိုင်းနေလေတော့ တိမ်ခိုးတွေသည် သည်နေရာတွင် ပင်လည်၍နေကာ ဆိုင်းဆို့ညို့ဝေလျက် ရှိလေသည်။ တောင်ခိုးများကိုဖောက်ပြီး ဆေးကော်ဇောနှင့်ပျံသန်းသွားနိုင်လျှင်လည်း ဝေးရာသို့ရောက်မည်။

အထွေးက စဉ်းစားတွေးတောလို့ရလာပြီး တိုးတိုးကလေး အနားကပ်လို့ ပြောသေးသည်မှာ–

“ဒီလိုလုပ်နိုင်တယ်မောင်၊ မြင်းဘက်ကို ပြေးရင်လွတ်မယ် မြင်းကြီး မြင်းကလေးဆိုတာ ကြားဖူးတတ်သလား၊ မကြားဖူးတတ်ဘူး ဟုတ်သလားရှင်၊ ဒါပေမယ့် ကျွန်မ ကောင်းကောင်း သိတတ်ပါတယ်။ မြင်းကလေးမှာ ခိုတောင်ခိုဖူးသေးတယ်၊ မြင်းကလေးက ဆင်ကျားသိပ်မပေါဘူး၊ မြင်းကြီးကတော့ တော အင်မတန်နက်တယ်။ သို့သော် ကျွန်မတစ်ခါမှလမ်းမမှားစဖူးဘူး၊ အဲဒီ ဆီကို ပြေးကြရမယ်နော်၊ မောင်မကြောက်ပါနဲ့ ကျွန်မ ဆင်တစ်စီး ငှားလိုက်မယ်ရှင် ဟုတ်ပြီလား”

“ဆင်နဲ့ပြေးမယ်လား၊ မောင် ဆင်တစ်ခါမှမစီးဖူးဘူး အထွေးရဲ့ ကြောက်တော့ မကြောက်ပါဘူး။ ဒါပေမယ့် ဆင်က မနှေးဘူးလား”

အထွေးက ရယ်ရွှင်သည်။

“တောခရီးအကြောင်း ကျွန်မသိတတ်ပါတယ် ရှင်”



www.burmeseclassic.com

www.burmeseclassic.com



"ဆင် ဘယ်ကငှားမှာတုန်း ကောင်းတော့ကောင်း သားပဲ၊ ဒါပေမယ့် နေ့းမှာအထွေးရဲ့"

"ဆင်ဆိုတာက အမြင်ကသာလေးတာ မောင်ရေ့၊ ခရီးအင်မတန်တွင်တယ်နော်၊ လားနဲ့တောင် တူတာမဟုတ်ဘူး။ ကျွန်မသိတတ်ပါတယ်။ မောင်သာ အသင့်ပြင်ထားပါ။ ပြီးတော့ ကျွန်မမှာ အဖေ့တပည့်မိတ်ဆွေကောင်းတွေ ရှိပါသေးတယ်ရှင်၊ ပုလိပ်သားများသာ အနောက်ကလိုက်တာ မဟုတ်ပါဘူး။ ရှမ်းတွေ၊ တရုတ်တွေ၊ နောက်ကလိုက်စောင့်ရှောက်နေတာရှိပါသေးတယ်။ ခုမှ ကျွန်မမှာ ဖတဆိုးမို့ အဖေသေလို့ မျက်နှာအောက်ကျတာပါမောင်"

ကိုယ်က အားတက်သွားပြီး အနည်းငယ် နီပြေရောင်သန်းဝေ့လာသည့် အထွေးမျက်နှာကလေးကို တစိမ့်စိမ့်ကြည့်မိသည်။

"ဆင်နဲ့ ဘယ်ကိုပြေးမှာလဲ"

"မြိုင်ဘက်ဆီလေ၊ မြိုင်ကလေးမှာ သီတင်းနှစ်ပတ်သုံးပတ်ခိုပြီး အရိပ်အကဲကြည့်တာပေါ့မောင်၊ မောင် ကျားကြောက်ရင် လင့်စင်ထိုးပြီး နေတာပေါ့၊ ပျင်းရင် မျောက်တွေခြောက်တာပေါ့၊ ပြီးတော့ ပုလိပ်သားတွေလိုက်ရင် မြိုင်ကြီးဘက်ဝင်ပြေးတာပေါ့"

"တစ်သက်လုံး တောထဲနေရမှာလား အထွေးရယ်"

အထွေးက မောင့်မျက်နှာကို လက်နှစ်ဖက်နှင့် မ,ကိုင်ပြီး စေ့စေ့ကြီးကြည့်သည်။ ထို့နောက် မျက်နှာတစ်ဖက်သို့ လှည့်ကာ–



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကို တောထဲမနေစေရပါဘူး၊ သီတင်းနှစ်ပတ် သုံးပတ်ပါလို့ပြောတယ်ကောရှင်၊ ပြီးတော့ နယ်စပ်ဘက်ကူးတဲ့ လမ်းရှိပါတယ်။ အထွေးတို့ကို လိုက်ပို့မယ့်သူရှိပါတယ်။ လိုက်မပို့လည်း အထွေးဘာသာသွားဝံ့ပါတယ်။ မောင်မသွားဝံ့ဘူးလား။ မောင် အထွေးနောက် မလိုက်ဝံ့ဘူးလား၊ မောင် အထွေးတစ်ယောက်တည်းသွားတာ ကြည့်နေရစ်မလား၊ တစ်ယောက်တည်း မသွားချင်ပါဘူးမောင်ရယ်၊ မလွှတ်လိုက်ပါနဲ့ မောင်လိုက်ခဲ့ရင် ပျော်မှာပါပဲ အထွေးခေါ်သွားပါ့မယ်၊ ကျွန်မလေ ယူနန်လည်း ရောက်ဖူးတယ်။ ယိုးဒယားလည်းရောက်ဖူးတယ်၊ မောင်, မောင် မြို့မောင့်ရွာကို သိပ်ခင်သလား"ဟု ပြောတောင့်ပြောခဲ ရှည်ရှည် ဝေးဝေး တိုက်တိုက်တွန်းတွန်း ပြောသည်။

"ကျွန်မကို မောင်စုံမက်တယ်ဆို"

အထွေးသည် မျက်လုံးကလေးများ အရည်လည်ကာ ကိုယ့်ကိုကြည့်သည်လည်းမဟုတ်။ မောင်နှင့်လွှဲဖယ်ပြီး တခြားသို့ ရောက်သည်ဟု မထင်ရသောအကြည့်ဖြင့် နှုတ်ခမ်းအနည်းငယ် တုန်ယင်သည်။ မောင်ကတော့ မျက်ရည်ဆိုသည်မှာ လူကွယ်ရာ၌လည်း ကျကောင်းသည် ဆိုတာကို သတိမရသူမို့ ယခုလိုကိုယ့်ရှေ့မှာ အထွေးတုန်လှုပ်မှ ကျေနပ်သည်လေ။

"ထွေးကို မောင်ဘယ်လောက်ချစ်တယ်ဆိုတာ ဘယ်တော့မှ ပြောပြတတ်မှာ မဟုတ်ပါဘူး"

ကိုယ်ကတော့ ငယ်ရွယ်သေးသည်မို့ အထွေးလို လေးနက်သော စိတ်ကူးများလည်း တယ်ကူးမိသည် မဟုတ်ချေ။ ဆင်စီးရမည်၊ မြင်းထဲသွားရမည်။ ချစ်သူနှစ်ယောက် ထွက်ပြေး



www.burmeseclassic.com

www.burmeseclassic.com



ကြုံရမည်ဆိုတာသာ သဘောအကျကြီး ကျလျက်ရှိသည်သည်။ အန္တရာယ်ဆိုတာကို ဘာမှန်းမသိချေ။ အထွေးကလေးက ဘယ်လောက်စွန့်စားရရှာမည်ဆိုတာလည်း မရိပ်မှန်းမိချေ။ ကျားဆင်ပေါသည့် တောဆိုသည်မှာ ရင်တဖိုဖိုရှိအောင် စိတ်ဝင်စားစရာ ဒေသတစ်ခုလို့သာထင်သည်။

ပြီးတော့ အထွေးနှင့်အထွေးကိုချစ်သူ ကိုယ်တို့နှစ်ယောက် လူသူကင်းဝေးရာမှာ ပျော်ရွှင်လွတ်လပ်စွာနေရမည်ဆိုတာပဲ သဘောကျလှသည်။ ထွက်ပြေးခြင်းဖြင့် စရသည့် ကိုယ်တို့နှစ်ဦး၏ ဘဝသည် အေးဆေးတိတ်ငြိမ်သော တောစပ်တောင်ခြေ၌ မဆုံးနိုင်အောင်ပျော်ပွဲစားရှည်ကြီး ထွက်ခြင်းလောက်သာ အောက်မေ့သည်။

"မောင် ဘာတွေယူခဲ့ရမလဲ အထွေး၊ ပြောပြပါဦး"ဟု မေးတော့

"အဝတ်အစားထူထူ ယူခဲ့မောင်ရေ့၊ ဂွမ်းဖတ်စောင်နိုင်ရင်လဲ ပါပစေရှင့်"

"ပိုက်ဆံကော မလိုဘူးလား၊ အထွေးရယ် ဘာနှင့်သွားသုံးမှာတုန်း"

"ပိုက်ဆံဆိုတာက မြို့မှာသာသုံးလို့ရတာပါ မောင်ရေ့၊ ကျွန်မတို့သွားမယ့်ဆီမှာ ပိုက်ဆံ ကြေးပြားတစ်ပြားတောင် မလိုပေါင်၊ ကျွန်မလက်ထဲ ဒင်္ဂါးတွေတစ်အိတ်ကြီးရှိပေမယ့် ဘာမှ မသုံးဖြစ်ဘူး။ လှည့်ပတ်သွားလာနေတာ ကြာလှပြီဟာ၊ ရွာတကာကို နှံ့လို့ပါရှင်။ သို့သော် သူတို့အလိုက်သင့်တော့



www.burmeseclassic.com

www.burmeseclassic.com



နေတတ်ရတယ်ပေါ့။ သူတို့ ဘာကိုခံမက်တယ်ဆိုတာလည်း မှတ်ထားရတယ်ပေါ့၊ ကျွန်မသိပါတယ်၊ မပူပါလေနဲ့ မောင်ရယ်”

“အထွေးကရော ဘာတွေ ပါသေးသလဲ”

“ဆေးလွယ်အိတ်ရယ်၊ ပစ္စည်းထုပ်ရယ်ပေါ့”

“ပစ္စည်းထုပ်ဆိုတာ ဘာတွေတုန်း အထွေးရယ်၊ ကျောက်သံပတ္တမြားလေလား…”ဟု ကိုယ်က နောက်ပြောင်တော့ အထွေးက ဓာတ်မာန်တွေကြွပြီး “ကျွန်မရဲ့ အဖေက မဟာသွေးပါ မောင်ကလေး၊ ဆင်းရဲဓာတာပါသူ မဟုတ်ပေါင်၊ ပြီးတော့လေ သြော် တစ်နေ့တော့ မောင့်ကို ပစ္စည်းထုပ်ဖြေပြရဦးမှာပေါ့”ဟု ပြောသည်။

“အခု ဖြေပြ”

“မမိုက်ချင်စမ်းပါနဲ့ မောင်ကလည်း၊ ရွှေထည်ငွေထည်ကလေးတွေပါ။ ငွေထည်တွေကရွာတကာမှာ ကိုယ်လိုချင်တာနဲ့ ဖလှယ်လို့ရတယ် မောင်ရဲ့၊ ရွှေကိုတော့ ယဉ်ကျေးတဲ့ သူတွေလောက်ကမှ အဖိုးတန်တယ်ထင်တာ၊ ပြီးတော့ ဘာမှမဟုတ်ပါဘူး၊ ဆားထုပ်တွေပါ”

“ဆားထုပ်တွေက ဆေးစပ်ဖို့လား အထွေးရဲ့”

“မောင်ကလည်း တောင်စပ်မှာနေပြီး ဆားတန်ဖိုးမသိလိုက်တာနော်…”ဟု ညည်းရှာပြီး “ဆားက တောင်ပေါ်ဆီမြိုင်ဘက်ကရွာတွေဆီမှာ အလွန်ရှားတာမောင်ရဲ့၊ ဆားပြလိုက်ရင် လိုချင်တာ ဘာမဆိုရတယ်မောင်…”ဟု ပြောပြရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အထွေးက သိပ်သိတာပဲ…"ဟု အံ့ညြလျှင်တော့ အထွေးသည် အားတက်လာပြီး"ပြီးတော့ မောင်သိသေးသလား၊ မောင့် အထွေးရဲ့ဆေးတွေက သိပ်စွမ်းတာ၊ ဒီတစ်ဝိုက်မှာ ဖြစ်သမျှ ထုံနာဆိုရင် မောင့်အထွေးကုမှ ပျောက်တာပေါ်တော်။ လူတကာမေးကြည့်ပါ။ ပြေးကြတဲ့အခါကျရင် မောင်လည်း ကြိုတင်ပြီးသောက်ရမယ်။ သို့မဟုတ်ရင် ထုံဖြစ်တတ်တယ်မောင်ရယ်၊ ထုံဖြစ်တယ်ဆိုတာကော မြို့သားက သိရှာရဲ့လား။ ထုံဖြစ်တယ်ဆိုတာက ဟော မသွားနိုင် မလာနိုင်အောင် ချည့်နဲ့ပြီး တုန်တုန်ယင်ယင်ကြီးနေတာရှင့်"စသည်ဖြင့် အကလေးသဖွယ် မျက်လုံးကြီးများ ပြူးဝိုင်းကာ လက်ဖျားများ တုန်၍ပြပြန်သည်။ သည်တော့ ကိုယ့်မှာ လူကြီးစိတ်၊ ယောကျ်ားစိတ်ဝင်ကာ သနားခြင်းပြင်းစွာနှင့် အထွေး၏ဆံပင်တိုများကို မထိရက်မကိုင်ရက်နှင့် ပွတ်သပ်ယုယကာ ရင်ထဲမှာဝိုချင်ခြင်းသာ ရှိသော်လည်း "တော်ပါတော့ အထွေးရယ်…"ဟု ရယ်စစနှင့် တောင်းပန်တားမြစ်ရလေသည်။

ထို့နောက်တော့ အထွေးနှင့်ကိုယ်သည် ဘာမှ မတတ်နိုင်တော့ဘဲ စိတ်၏အလိုကို အရှုံးအပေးကြီး ပေးတော့မည့်ဟန်ဖြင့် တစ်ယောက်ပခုံးနှစ်ဖက် တစ်ယောက်စုံကိုင်ကာ မျက်နှာချင်းဆိုင်ရပ်လျက် တည့်တည့်တန်းတန်း ကြည့်နေမိကြသေးသည် မဟုတ်လား။ အထွေး၏ ရဲရင့်ဝင်းပသော မျက်လုံးများနှင့် ကိုယ့်မျက်လုံးများသည် အရှိန်ပြင်းစွာနှင့်တိုက်ခိုက်မိမတတ် လွှဲဖယ် မရနိုင်အောင် စူးစိုက်ကြည့်ရှုလျက်ရှိကြကာ အေးမြသည့် နှင်းတောဝယ် နှစ်ယောက်သား ပူနွေးသော



www.burmeseclassic.com

www.burmeseclassic.com



သက်ရှုငွေ့ကို အပြန်အလှန်ထုတ်ရင်း ရပ်တည်၍ မနေတတ်တော့သည်အထိ ကြာရှည်စွာ ရင်ခုန်ကြပြီးနောက် သက်ပြင်းပြိုင်တူကို မျက်နှာချင်းအပ်၍ လဲလှယ်ကြလေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

[၆]

ဝေးရာသို့ ထွက်ခွာလာကြသည့်အခါမှာ...တကယ်တမ်း စိတ်ပါမြူးတူးသူကတော့ အထွေးသာဖြစ်သည်။ အသံကလေး ဝဲဝဲနှင့်စကားအတော်များလျက် နေတတ်သည်။ ခရီးပန်းတယ် ရယ်လို့ ဘယ်တော့မှမထင်ရ၊ ရာသီအအေးတွင်ပင် ချွေးကလေး များပင် စို့သော်လည်း ရွှင်စစနှင့် မြူးပျလို့နေသည်။

ခရီးတွင် အမောင်ပိန်းကိုသာ တိုးမိသည်။ ထူးထူး ဆန်းဆန်းချည်း ကြုံနေရသလို ကြောက်ရွံ့စိတ်မချခြင်းက ပိုလှ သည်။ ဆံပင်တိုဖိုးရိဖားရားနှင့်အထွေးက တောသား ယောကျ်ား ငယ်ကလေးလို ဆင်လည်ပင်းပေါ်ထိုင်ကာ ဦးစီးနေသည်ကို မြင်သော် မောင့်မှာ အိပ်မက်မက်နေသည်လို့ ထင်သည်။ အထွေးထံက အံ့သြစရာများ ထပ်မံရဦးမည်လားလို့လည်း ကြိုတင်မှန်းဆနေမိ၏။ အံ့သြနေစကမှု အထွေးက ပြောသည်မှာ "မဆန်းပါဘူးမောင်ရယ်၊ ကျွန်မငယ်ငယ်ကတည်းက ဆင်စီးနေ ကျပဲ၊ အဖေနဲ့နေတုန်းက ဆင်သုံးကောင်တောင် ဝယ်ပြီးနေ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တာ။ ပြီးတော့ ဒီဆင်က သိပ်ယဉ်ပါးနေတာ။ လူ့စကား တောင် အတန်နားလည်တယ် မောင်ရဲ့။ ချွန်းအုပ်ရတယ်လို့လည်း မရှိဘူး"

"ဒီဆင်ကို အထွေး စီးဖူးလို့လား"

"ဒီနယ်တစ်ဝိုက်မှာ ခရီးဝေးသွားရင်၊ လမ်းမပေါက် တဲ့ဆီမှာဆိုရင် ဒီဆင်ကို ငှားနေကျပဲကိုရှင့်"

မောင်ကတော့ အထွေးနောက်မှာ ငြိမ်ပြီးထိုင်လျက် နေရသည်။ ခပ်လှုပ်လှုပ်နေသည့်အတွက် ကိုယ့်ကိုယ်ကို ဟန် ထား၏။ လိမ့်ကျလျှင် ဆင်နင်းခံပြီးသားဖြစ်မည်ကို ကြောက် သည်။ အထွေးကလေးကို ခါးကနေဖက်ရင်း အမေလို အားကိုး ပြန်၏။ မှောင်ထဲထိုးနေရသဖြင့် မျက်စိက ဆိုတို့တို့ကြီးရှိသည်။ မြို့နှင့်ဝေးလာသည့်အတိုင်း တောသံ တောင်သံတို့သည် ညံ၍ ညံ၍ ကိုယ်နှင့်ပို၍ပို၍ နီးစပ်လာရာ ဖြုန်းခနဲဘဝကူးခံရသည်လို့ ပင်ထင်ကာ စိတ်ခြောက်ခြားခြင်းများ ဖြစ်လေ၏။

အထွေးကတော့ ပုံပြောသည့်လေသံမျိုးဖြင့် မှောင်ထဲ မှာ စကားပြော၍ သွားသည်။

"အထွေးငယ်ငယ်က ဆင်စီးရရင် သိပ်ပျော်တယ် မောင်၊ အဖေနဲ့ စီးတတ်တယ်၊ အဖေက ဆင်းရဲသား စိတ် သိပ်ဝင်တာ၊ ဆင်းရဲသားတွေနဲ့ တန်းတူပေါင်းတတ်တယ်။ မောင့်အထွေး ကျွန်မကတော့ ငယ်ငယ်ကတည်းက မာနကြီး တတ်တော့၊ လူနဲ့သူနဲ့ မပေါင်းလေတော့ အဖေကဆို ပြောတတ် တယ်။ သမီးဟာ အင်မတန်ရိုင်းသတဲ့။ ဒါနဲ့ သိမ်မွေ့အောင်ဆို ပြီး ဆရာဘုန်းကြီးဆီမှာ အပ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အထွေး ဘုရားစာ တော်တော်တတ်မှာပေါ့နော်" ဟု ကိုယ်က ထောက်လှမ်းကြည့်သော်–

"မတတ်ပါဘူး၊ ကျွန်မအဖေ ကိုယ်တိုင်က သူ့ဘဝကို စိတ်နာလို့ ဘာသာတောင် စွန့်မယ်ကြံသေးရဲ့။ ပြီးတော့ ကျွန်မတို့ ဆရာဘုန်းကြီးက ဘရင်ဂျီ ဘုန်းကြီး မောင်ရဲ့"

"ဗိုလ်လားအထွေးရဲ့"ဟု ကိုယ်က အံ့သြလျှင်

"ဗိုလ်မဟုတ်ပါဘူး။ ဂျာမဏီပြည်က လာတာပဲ၊ စာတတ်လွန်းလို့အဖေက ကြည်ညိုတယ်၊ ဘုန်းကြီးနဲ့ အဖေ လိုက်လည်လိုက်တာ လေးငါးခြောက်နှစ်တောင် ပေါ်မလာဘူး။ အမေသေတာတောင် မမှီဘူးတဲ့။ ဒီတော့ ကျွန်မက လူမမယ် ပဲရှိသေးတယ် မောင်ရေ့"

"အထွေး အင်္ဂလိပ်ကျောင်း နေဖူးတယ်ဆို"ဟု ကိုယ်က ခုမှ သတိရပြီး မေးမိပြန်သည်။ အထွေးကလေးမှာ တောရိုင်းတွင်း၌ ဖူးပွင့်၍ လူယဉ်ကျေးတို့၏ အနမ်းကို မခံစဖူးသော ပန်းကလေးလို လွတ်လပ်လှသော ကိုယ်စိတ်ရှိလေရာ အထွေး စာမှ တတ်ပါလေစဟု ကိုယ်က အံ့သြနေစမြဲပင်တည်း။

"မနေဖူးပေါင်၊ ဆရာဘုန်းကြီးက သင်တာပဲ၊ စာသိပ် မသင်ဘူး မောင်ရဲ့၊ အပြောအဆို လည်ပတ်ရုံသင်တာ ဂျာမဏီ လိုလည်းပြောတတ်အောင် သင်ရတယ်။ ပြီးတော့ ရှမ်းလို၊ ကချင်လို၊ အကုန်တတ်တာပဲ၊ ဟော ကျွန်မနဲ့များ တွေ့ရင် ဘယ်လိုစကားပြောတယ် ထင်သလဲ။ တတ်သမျှ စကားတွေ အကုန်နှော၍ ခက်ခက်ခဲခဲ ပြောတာမောင်ရဲ့။ ကျွန်မက နား



www.burmeseclassic.com

www.burmeseclassic.com



မလည်ဘူးဆိုရင် အလွန်ဆိုးတာပဲ။ ငရဲအိုးမှာ ဂျိုးကပ်လိမ့်မယ် လို့ ဆိုတယ်”

“အခု သူဘယ်ရောက်သွားပလဲ”

“သေသွားပြီ မောင်ရဲ့၊ အဖေသေပြီး နှစ်နှစ်လောက် ကြာတော့ သူပါ လိုက်သေတာပဲ။ ရူးပြီး သေတာ၊ သူတို့ ဆရာတပည့်က သိပ်တွယ်တာတယ်”

မှောင်ထဲ၌ ခဏမျှ တိတ်ဆိတ်နေကြပြီး ကိုယ်က ရှိုက်သံလိုလို ကြားလိုက်သေးသည်နှင့် စိတ်ပူကာ အထွေး၏ မျက်လုံးများကို စမ်းသပ်ကြည့်သော် မျက်ရည်ကို မစမ်းမိချေ။

“မောင်ကလည်း ကွယ်မထားပါနဲ့၊ ဘာမျှမမြင်ရဘူး”

“ကွယ်မထားတော့ကော ဒီလောက်မှောင်နေတာ ဘာမြင်ရမှာတုန်း အထွေးရဲ့”

“မြင်တာပေါ့၊ ဘယ်လောက်မှောင်မှောင် မြင်တာပဲ၊ အကယ်ဆိုတော့ မှောင်လေ ပိုပြီးမြင်လေပဲ”

“အထွေးက ဆန်းတယ်”ဟု ကိုယ်ကဆိုလျှင် အထွေးက အံ့သြတကြီး ခေါင်းကလေးလှည့်လာကာ “မောင် မမြင်ဘူးလား”ဟု မေး၏။

“မှောင်ထဲမှာ ဘယ်သူမြင်မလဲ ထွေးရဲ့”

“လူတိုင်းမြင်တာပေါ့၊ မောင်သာမမြင်တာ”

“မဟုတ်တာလေ”

“သြော်...ကျွန်မတို့ လူတွေဆို အကုန်မြင်တာပဲ



www.burmeseclassic.com

www.burmeseclassic.com



မောင်ရဲ့၊ အဖေလည်းမြင်တယ်၊ ဆရာဘုန်းကြီးလည်း မြင်တယ်၊ သူတို့မွေးထားတဲ့ လူတွေလည်း မြင်တာပဲ၊ မြို့ပေါ်က လူတွေက မမြင်ဘူးလား...ဟင်"

"ဒါပဲထင်ပါရဲ့ အထွေးရယ်" ဟု သက်ပြင်းသာ ချလိုက်ရလေသည်။

သို့လျှင် ကိုယ်တို့သည် ခရီးဆက်လက်သွားသည်။ ထွက်ပြေးလာကြသည်ဆိုသော်လည်း အပျော်တောလည်ထွက်သလိုပင်၊ အထွေးနှင့်နီးစပ်လာလို့လားမဆိုနိုင်။ ပြောရင်းပင် မှောင်ထဲမှာ မြင်တတ်လာသည်။ ပိုးစုန်းကြူးကလေး တစ်ကောင်တလေ လမ်းမှားပြီး အနားရောက်လာကာ ဝင်းခနဲလင်းလျှင် ကြယ်တစ်ပွင့် ကြွေလာပြီး ပခုံးမှာ နားသလို မျက်စိများပင် ကျိန်းစပ်၍ သွားလေသည်။ ဘေးဘီ၌ သစ်ရိပ်တောရိပ် တောင်ရိပ်နှင့် နက်နေသည့် ထုထည်များကို တွေ့ရသည်။ တစ္ဆေသရဲများလို မပီမသ လှုပ်ရှားယိမ်းယိုင်သေး၏။ ယခုတော့ ကြောက်စိတ်များ အနည်းငယ်ပြေကာ အထွေးကိုယ်ကို မှီထွေးလျက်ဆင်ကျောပေါ်နေရသည်ကို အသားကျလာလေ၏။

ထို့ကြောင့် တဖြည်းဖြည်းနှင့် စိတ်ပျော်ကြည်လာပြီး အထွေး၏ဆံပင်များထဲ မျက်နှာနှစ်ကာ "အထွေးရေ့ ဘယ်နှစ်နာရီလောက်ရှိပြီလဲ မသိ၊ သန်းခေါင်ကျော်ပြီလား"ဟု မေးလိုက်သည်။

"ခုနတင်ပဲ သန်းခေါင်ကြက်တွန်တာ မကြားလိုက်မိဘူးပေါ့မောင်"



www.burmeseclassic.com

www.burmeseclassic.com



“တောထဲမှာ ဘယ်အိမ်က ကြက်တွန်မှာတုန်း”ဟု ကိုယ်က မသိသားဆိုးဝါးစွာပြောမိလေရာ အထွေးက တဟားဟားရယ်သည်မှာ လက်ခုပ်ကလေးများပင် လှောင်ပြောင်၍ တီးမိသည်။

“တော်ထဲမတော့ တောကြက်ရှိတာပေါ့မောင်ရဲ့၊ တောကြက်ဆိုတာ သာပြီး အသံကောင်းသေး၊ ကြက်တိန်ညင်မျိုးတွေ ဒီဘက်မှာ သိပ်ပေါတာ၊ သူတို့ကိုယ်ဟန်က လုံးလုံးကျစ်ကျစ်ကလေးတွေ၊ ပြီးတော့ မြို့ကျိုးကန်းနီးပါး ပျံနိုင်တယ်မောင်၊ ဟိုကျွန်းပင်ထိပ်တွေမှာမှ အိပ်တန်းတက်တတ်တယ်၊ ကျွန်မတို့ နေတဲ့ဆီမှာတော့ ကြက်မျိုး အင်မတန်စုံတယ်၊ ကြက်ပုမျိုးလေးတွေများ တွန်လိုက်ရင် မမြင်ဘူးတဲ့ အမေပဲ လွမ်းဆွေးရမလို ဖြစ်သရှင့်၊ သိပ်သာတာ၊ အသံကလေ ပီလိုက်တာ၊ မုဆိုးအော်သလိုပဲ၊ ကျွန်မတို့တဲထဲက ရေတံလျှောက်ထဲလာလာဥလို့ အဖေ့ကိုတောင်ပြုတ်ကျွေးရသေးတယ်။ ငယ်ငယ်က”

“အထွေး ထမင်းချက်တတ်လားဟင်”

“အဖေနဲ့ဆရာဘုန်းကြီးကို ဘယ်သူချက်ကျွေးတယ်ထင်သလဲ၊ မွေးထားတဲ့မုဆိုးကြီး ချက်ကျွေးတယ်”ဟု ပထမဆုံးအကြိမ် အထွေးကလေးက နောက်ပြောင်လေ၏။ အထွေးကလေး အင်မတန်ပျော်နေသည်။ စကား အင်မတန်များနေသည်။ သည်တုန်းကတော့ တစ်သက်လုံး ပျော်ရွှင်ရတော့မယ်ရယ်လို့ အထွေး ထင်မြင်ဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



"သို့ပေမယ့် မောင့်အထွေးက ချက်တတ်ပါတယ်၊ ဆာနေပြီလား၊ နေပါဦးမောင်ရယ်၊ ခရီးနည်းနည်းပေါက်တော့မှ နားရင်းအိပ်ရင်း စားတာပေါ့၊ မောင်အိပ်ကော အိပ်ချင်ပြီလား ရှင်၊ ကျွန်မ ကျောပေါ်မှီအိပ်လေ"

"မောင် မှီလိုက်ရင် အထွေးလိမ့်ကျသွားမှာပေါ့"

"မဟုတ်နိုင်တာမောင်၊ ကျွန်မက မောင့်ထက် သန် တယ်၊ မောင်က အသားပွကြီး"ဟု ကိုယ့်လက်မောင်းကို စူး ခနဲနေအောင် လက်မကလေးနှင့် ဖိနှိပ်လိုက်တော့ ဟုတ်ပါက လားရယ်လို့ မခံချင်ဖြစ်ရသည်။

"မောင်ရေ ပုလိပ်သားတွေတော့ အနောက်က မလိုက် တတ်ပါဘူးနော်"ဟု အထွေးကလေးက စိုးရိမ်စိတ်ဝင်လာလျှင် တော့ ကိုယ်လည်း ဘာမှမပြောတတ်တော့ချေ။

"နေဦး မောင့်အထွေးအောက်ဆင်းဦးမယ်"

"မဆင်းပါနဲ့ အထွေးရဲ့၊ ဘာလုပ်မလို့လဲ"

"အေးလေ နားတော့မှာပါပဲ"

"ဘာလုပ်မလို့လဲ"

"လူတွေ လိုက်လာသလားလို့ နားထောင်မလို့ပါ"

"ဒီပေါ်က နားထောင်တော့ကော မရဘူးလား"

"မောင် မတတ်ပါဘူးရှင်"

တိတ်ဆိတ်ပြီး ခေါင်းချင်းနွဲ့မှီကာ လမ်းမပေါက်သော မှောင်ထဲ၌ ခရီးသွားခဲ့ကြသည်မှာ ကြယ်နဂါးငွေ့လမ်းမှာ လက်



www.burmeseclassic.com

www.burmeseclassic.com



တွဲပြီး ပြေးလွှားကစားရသလောက် ဆန်းကြယ်လှလေ၏။ အထွေးကတော့ နေရာဟောင်း ပြန်ရောက်ရသူ ဖြစ်ချင်ဖြစ်မည်။ ကိုယ်ကတော့ ယခုမှ ပိုင်ဆိုင်ရပြီဖြစ်သော အထွေးကလေးလည်း ဘေးကပါပြန်သည်မို့ တဖြည်းဖြည်း ခက်ရွက်ထူထပ်လာသော ရွာစွန်မြိုင်စပ်ဆီသို့ ရောက်လာသည့် အကြောင်းမှာ စိတ်ကူးနှင့် ပြောနေသည်မဟုတ်တကားဆိုသည်ကို ကိုယ့်ဖာသာ ထပ်ပြန်တလဲလဲ ကျိတ်၍ သတိပေးနေရလေ၏။ နွေးနေသည်မှာ အထွေး၏ကိုယ်ငွေ့စင်စစ်ဖြစ်ပြီး ထူးဆန်းသော ရနံ့ကလေးမှာ အထွေး၏ဆံပင်များကြားမှာ တကယ်ရှိသည်ဆိုတာကို ကြိုးစား၍ ယုံကြည်ရ၏။ အထွေး စကားပြောသံ တိတ်သွားလျှင်ပင် မနေတတ်သလို၊ အိပ်မက်ဖြစ်နေမှာကို ကြောက်သလို ရှိလေ၏။ ဆုတ်တွန့်သော စိတ်များသည် ဒေါသဖြစ်စရာ ပေါ်လာလျှင်မူ "အထွေးကို ချစ်တယ် အထွေးနဲ့နေရရင် ပျော်တယ်" ဟု ပရိတ်ရွတ်သလို ရွတ်ရသည်။

ထိုခဏ၌ ကိုယ်သည် မျက်စိများ ညောင်းဝေကာ နမူးနထိုင်း ဖြစ်လာလေ၏။ တောင်အဆင်း၌ သစ်ပင်တို့သည် လှုပ်ရှားလာကြပြီး မြေ၌နစ်မြုပ်သော အတက်ပေါက်သည့် ခြေထောက်များကို တစ်ဖက်စီ ဆွဲချွတ်ကြလေ၏။ တော်တော်နှင့် မချွတ်နိုင်ကြဘဲ ရှိလေ၏။ တစ်ဖက်က မြေကြီးမှ ကျွတ်ထွက်လာလျှင် ကျန်တစ်ဖက်က အရှိန်နှင့်စွက်ခနဲ နစ်ဝင်သွားလေ၏။ သို့သော် မြေကြီးသည် စင်စစ်မာကျော၍ ကျောက်အတိ ပြည့်သည်။ ဖုန်မြူနီဝါများနှင့်တော့ ကျံထားပြီး မြေအပြင် ခင်းကျင်းထားသည်လေ။ အဆစ်ထူ၍ ကျစ်လစ်သော နွယ်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းတို့သည် မြေကြီးပေါ်လျှောက်သွားကြလေ၏။ ပြီးလျှင် စောစောက သစ်ပင်ကြီးငယ်တို့သည် မြေမှ ကွင်းလုံးကျွတ်လာကြကာ နီကျန်ကျန်၊ ဝါညိုညို၊ ခြေထောက်များ တရွတ်ဆွဲလျက် ကိုယ်တို့ပတ်လည်မှာ လျှောက်သွားနေကြပြန်လေ၏။ ကိုယ်လည်း သူတို့လုပ်ပုံရယ်ချင်ချင်ရှိကာ အော်ဟစ်၍ ရယ်လိုက်ရာ အထွေးကလေးက 'ဘာဖြစ်တာလဲမောင်'ဟု ကိုယ့်ပခုံးကို လှုပ်မေးသည်။

"ကိုယ် အိပ်ပျော်သွားတယ် အထွေး"

"ဩော်...ဟုတ်မှာပဲ၊ မောင်သိပ်အိပ်ချင်မှာပဲနော်၊ မောင့် အထွေးကတော့ အိပ်လို့ မရပါဘူး။ ဒါဖြင့် ခဏနားစို့၊ ခရီးလည်းတွင်သားနဲ့ နားနိုင်ပါတယ်။ အစာကလေး နည်းနည်းစားပြီး မောင်တစ်ရေးအိပ်ဦး၊ ပြီးတော့ ဆက်သွားတာပေါ့၊ မိုးမလင်းခင်ထသွားရင် ဟို မြစ်လက်တက်ကွေ့ဆီ နေလုံးတက်တက်ချင်း ရောက်မှာပဲ၊ အဲဒီမြစ်ကိုဖြတ်ကူးရင် မြိုင်စပ်နင်းမိတာပဲ မောင်"

ကိုယ်ကတော့ ဘာမှန်း တယ်မသိချေ။ အထွေး၏ ညာဘက်နားရွက်ကလေးကိုသာ နမ်းလိုက်မိလေ၏။ ပြီးတော့ အထွေးက မောင်နှင့်ဝေးကွာလှသော ဘာသာစကားနှင့် ဆင်ကို ဝပ်ခိုင်းသည်။ မောင်လည်း တွေ့ကြုံရသမျှ အထူးအဆန်းချည်းမို့ ဘာမှတိုးပြီး မအံ့သြနိုင်တော့ဘဲ မြေပေါ်ခုန်ဆင်းခဲ့ရသည်။ မှောင်ထဲတွင် အထွေး၏ ခြေသံကလေးများ၊ အထွေး၏ အရိပ်လှုပ်ရှားဟန်များကို ကြားသေး တွေ့သေး၏။ အထွေးဆင်ကို ကြိုးနှင့်ချည်သည်လား၊ ဘာမှမမှန်းဆတတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



အထွေး ပြန်လာသော် ကိုယ်သည် အနက်မထင်သော စိတ်ဖြင့် ခြေပစ်လက်ပစ် ထိုင်လျက်ရှိနှင့်ပြီ၊ အထွေးက မီးဖို မည် ပြင်သည်ကိုသတိရ၏။ အထွေးက တစ်ယောက်တည်း စိတ်ကူး၍ တစ်ယောက်တည်း လုပ်ကိုင်သွားသည်။ သစ်ရွက်ခြောက်၊ သစ်ကိုင်းခြောက်များစကောက်သည်။ အထွေး၏ ဖျင်မဲအင်္ကျီအိတ်ထဲ လက်လျှိုဟန် တွေ့ပြီးနောက် မီးခတ် ခတ်သံကြားရလေသည်။

သို့လျှင် မီးတစ်ပုံဖိုဖြစ်သည်။ သည်တော့မှ မောင် လည်း သစ်ကိုင်းများစုတတ်ကာ နောက်တစ်ပုံဖိုရသည်။ အထွေးက နောက်တစ်ပုံဖိုပြန်တော့ မီးပုံသုံးပုံနှင့်အတော် လင်းချင်းနေကာ ကိုယ့်အိမ်မှာလိုလို နှစ်ယောက်သား ပြုံးစနဲ့များ နှင့်ထိုင်ကာ အပြန်အလှန် ကြည့်နေမိပြန်လေ၏။

"မောင် ဆာပြီနော်၊ အထွေး ဆန်တစ်လက်ခုပ်လောက် ချက်လိုက်မယ်၊ ခဏစောင့်ဦး၊ စားပြီးမှ အိပ်"ဟု အထွေးက စီမံသည်။

ကိုယ်လည်း အိပ်ချင်စိတ် အနည်းငယ်ပြေပြန်ကာ အထွေးလုပ်ကိုင်နေဟန်ကို ကြည့်ရပြန်သည်။

လှည့်ပတ်သွားလာနေတတ်သူ အထွေးမို့ ခရီးတစ်ဝက် ဘယ်လိုနားနေရသည်ကို သိရှာသည်။ အထွေး၏ အထုပ်တစ်ထုပ်ထဲက သစ်ခုတ်ဓားလည်း ပါတတ်၏။ အထွေးက တောင်ပေါ်မှာ ကြီးပြင်းသည့် ကချင်မကလေးလို ဖျတ်လတ် သွက်လက်စွာ ဝါးတစ်ပင်ခုတ်သည်။ ညံ့နေသည့် တောမှာ အထွေး၏ ဝါးခုတ်သံက တဒေါက်ဒေါက်နှင့်သိပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မတိုးနိုင်ချေ။ ကိုယ်လည်း မကူညီတတ်ဘဲ တောသံကိုသာ နားထောင်နေကာ ခြောက်ခြားခြင်း ဝင်လာပြန်လေ၏။ ဝါးပင်ကို အထွေး အားနှင့်ခုတ်လို့ ပြီးနိုင်ပါ့မလားဟု ပူပင်၏။ ဘာလုပ်နေသည် ရယ်လို့လည်း မသိတတ်ချေ။ အထွေးက အပေါ်ကစောင်းခုတ်လိုက်၊ အောက်ကစောင်းခုတ်လိုက်နှင့် ခါးတုပ်တုပ်ကလေးကို ကိုင်းကာ ဆံပင်ပြတ် တလှုပ်လှုပ်နှင့် ခုတ်လေ၏။ ခြေတစ်ဖက်ကို ဝါးငုတ်တို တစ်တိုပေါ် တင်ထားကာ တကယ့်တောတွင်းသူ ဟန်ပန်ဖမ်း၏။ ဝါးကြောများကို ဖြတ်မိသံက တချွင်ချွင်မြည်သေးသော်လည်း အထွေး၏ဓားက ပေါ့ပါးထက်မြ လှသည်လို့လည်း သိရှိရ၏။ ကိုယ်က အံ့သြချင်ဆဲမှာ အထွေးသည် ခုတ်နေသောဝါးပင်ကို လှဲမိသည်။

"အောင်မယ်၊ အထွေးက တော်တယ်၊ လဲပြီကြည့်စမ်း"ဟု ကိုယ်က ဝမ်းသာအားရပြောမိလျှင် အထွေးက နဂိုရှင်လန်းသံကလေး မြူးထူးကာ "ဒီဝါးက သိပ်အသား မထူလို့ပါ၊ မောင့်ဘက်လဲမယ်နော် သတိထား"ဟု လှည့်မကြည့်ဘဲ ပြောသည်။ ထို့နောက် ဝါးပင်ကို လက်နှစ်ဖက်စုံမြှောက်ကိုင်ပြီး ဆွဲလှဲသည်။ ကျိုးကျိုးချွတ်ချွတ်မြည်ပြီး လဲလာသော်လည်း ခုတ်ရာမှ အမျှင်များမပြတ်သေးဘဲရှိသည်မို့ အထွေးက ထပ်ပြီးခုတ်ရသေးသည်။

"ဒီဝါးက ခေါင်းလည်းပွတယ်၊ သိပ်ပြီးလည်း အရွက်အတက်မထွက်ဘူး။ မောင်တို့စားတဲ့ ခဲတံချောင်းဝါးပေါ့။ အမြဲက သိပ်မွှေးတာ မောင်ရဲ့၊ နေဦး..." ဆိုပြီး အဆစ်တစ်နေရာကို ချန်၍ ကျည်ထောက်ဖြစ်အောင် ခုတ်ပြန်သော်၊ ခဏသာ ကြာသည်။ နှစ်ချောင်းရသည်။



www.burmeseclassic.com

www.burmeseclassic.com



အထွေးက ပစ္စည်းကလေးများ ထုတ်လေ၏။ ကောက်ညှင်းလိုကျစ်၍ ရှည်သော ဆန်အပြည့်ပါသည့် အိတ်ကို မှောက်၍ ဝါးစိမ်းကျည်ထောက်များထဲ ခွဲ၍ထည့်သော် တစ်ဝက်မထိတထိရသည်။

"မောင်က ဟောဒီ ဖန်ပုလင်းထဲက ရေကို လောင်းထည့်နှင့်၊ ကျွန်မ ဟင်းနှောဖို့ ရှာဦးမယ်"ဟု မောင့်ကို ခိုင်းသည်။

"ဆန်ကို ရေမဆေးတော့ဘူးလား အထွေးရဲ့"

"ရေမလောက်ဘူးရှင့်"

"ကျည်ထောက်ကော မဆေးဘူးပေါ့"

"မောင်ကလည်း ခက်ရန်ကော၊ ဒီဝါးက လူလုပ်တဲ့ ခွက်သရောက်ထက် သန့်သေးတာရှင့်၊ ဟော မိုးတွင်းများဆို ကျည်ထောက်ထဲမှာ နဂိုသစ်ရည်ဝင်နေတာ သွန်တောင်မပစ်ရက်ဘူး...အဲဒီရေနဲ့ ဆန်ချက်တာ အင်မတန်မွှေး၊ အင်မတန်ချိုသကိုး မောင်...၊ ကျွန်မ ပြပါ့မယ်..."

သို့လျှင် ညကြီးမင်းကြီး ဟင်းနှောဖို့ရှာမည့် အထွေးကို ကိုယ်က ပြောင်ချင်စိတ်နှင့်ငေးသေး၏။ အထွေးထံက ပဥ္စလက်အတတ်များကို စောင့်စား၏။ အထွေးကမူ ဦးနှောက်ရှိသမျှ အသုံးချရရှာဟန်နှင့် မျက်မှောင်ကလေးများ ညိုမှောင်ကာ မလှမ်းမကမ်း မီးရောင်ဖျော့တော့ရာသို့ သွားပြီး ခုတ်ထစ်ပြန်သေးသည်။

ပြန်လာတော့ ဝါးပိုးမျှစ်တစို့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ မောင်နွှာချင်တယ်၊ အထွေးမောလာပြီ၊ နားဦး၊ မျှစ်တော့ မောင်ခုတ်တတ်ပါတယ် အထွေးရဲ့၊ မျှစ်က နုနုလေးရယ်..."

အထွေးက ဘာမှမပြောဘဲ မျှစ်ကို အရှည်လိုက် ကွဲထွက်အောင် ဓားနှင့်ပြင်းပြင်းတစ်ချက်ပေါက်သည်။ ပြီးတော့... ဓားဦးနှင့် ကွေ့ကောက်၍ အလယ်သားနုနုကို ထွင်းဖောက်ယူရာ အခွံနွှာမည်ပြုသည့် မောင်လက်များက ရှက်ကိုးရှက်ကန်းနှင့် ယောင်ရမ်းရတော့မည်ပင်...။

အထွေးက မျှစ်သားကိုစိပ်စိပ်ခုတ်ပြီး မြေပေါ်ဆန်အိတ်ကလေးခင်း၍ တင်သည်။ ကိုယ်လည်း ပျော်ရွှင်စိတ်ဝင်စားရသည်။ အထွေးကို အားကိုးထိုက်သည် ထင်သည်။

သို့သော် အထွေးက ဘေးရှိမီးပုံမှ ကျွမ်းလောင်ကျခဲ့ပြီဖြစ်သော သစ်ရွက်ပြာနှင့် မျှစ်များကို နယ်မည်ပြုလျှင်တော့ မောင်က ထိတ်လန့်တကြား တားရသည်။

"ဆားနှင့်နယ်ရင် မွဲရချည့်ရဲ့ မောင်ရေ့၊ ပြာဆိုတာ တောင်ပေါ်မှာ ဆားလုပ်ပြီးတောင် ဟင်းခတ်ရတာ ဘာထင်သလဲ"ဟု အထွေးက မကျေနပ်နိုင်ချေ။

"ပြာနဲ့နယ်တော့ မောင်မစားဘူး။ အထွေးဆားနှမြောရင် မနယ်နဲ့ ဒီအတိုင်းထည့်..."

"လျှာယားမှာပေါ့ မောင်ရဲ့..."

"ယားပစေ..."

"ကဲ...မောင့်အထွေးက ဆားနဲ့နယ်ပါ့မယ်တော်..."



www.burmeseclassic.com

www.burmeseclassic.com



သို့လျှင် ဆားနှင့်အထပ်ထပ်နယ်သဖြင့် ကြုံလှီကာ ကျန်သည့်မှျစ်များနှော၍ ချက်သည့်ဆန်ကို တစ်နာရီကျော်ကျော် ခန့်မှာ ကျည်ထောက်ခွဲ၍ စားကြရ၏။ အမြွေးကလေးတင်းကာ ခဲတံချောင်းလိုလည်း စည်းကပ်မနေတော့။ မှျစ်ထမင်း ညစ်ထပ် ထပ် ပူလောင်လောင်ကလေးမှာ မွှေးကြိုင်၍မဆုံးချေ။ အထွေး ၏ ဝမ်းသာအားရ အပြုံးကလေးက ပွဲဟင်းထက် ထမင်းမြိန်စေ သေးသည်။ လူ့ဘဝ၌ ဖြစ်လာသူတိုင်းသည်လည်း သည့်လောက် တစ်ခါမှ ချမ်းသာသုခဖြစ်ရလျှင်တော့ သေခြင်းတရားကို လက်ယပ်ခေါ်ရဲကာ သံသရာကို သည့်ထက်ရှည်ပါစေရယ်လို့ ဆုတောင်းဖြစ်မည်ထင်သည်။

"မောင် မဝသေးရင် ပိန်းဥပြုတ်ပေးမယ်...စား မလား..."

"ပါလို့လား..."

"ဩော်...ရေတစ်ပေါက်နှစ်ပေါက် ဝပ်တဲ့ချိုင့်ရှိရင် ပိန်းဥရှိတာပေါ့ မောင်ရဲ့...၊ ခတူးရင် ခရတာပေါ့"

"ဝပါပြီဗျာ...မစားချင်ပါဘူး၊ အိပ်ချင်တယ်"

"အိပ်...အထွေးက စောင့်မယ်...မီးဖိုလည်း အစာ ကျွေးရဦးမယ်"

"အထွေးမအိပ်ရင်တော့ မောင်လည်းမအိပ်ဘူး"ဟု ပင်ပန်းနွမ်းနယ်နေရှာမည့် သူကလေးကို နွဲ့ဆိုးလိုက်လျှင်...

"နှစ်ယောက်လုံးအိပ်ရင် အန္တရာယ်တွေ့တော့ ဘယ့် နှယ်လုပ်တတ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျားတွေ၊ ဆင်တွေလာတတ်လို့လား...ဟင်..."

"ဒီကို သိပ်မရောက်တတ်ပါဘူး တစ်ခါတစ်ခါတော့ ဟောဟိုမဲမဲတောတန်း မြင်လား...အဲဒီဘက် ရွာတွေဆီ ကျား ဝင်ဆွဲတတ်တယ်"

"အထွေးက ခြောက်တာပါကွာ..."

"ဒီကိုတော့ မလာပါဘူး...တောမှမနက်တာ ကဲ လေ"ဟု စကားဆုံးအောင် မပြောဘဲ မြေပေါ်ဝပ်ချကာ ပါးနှင့်မြေကို အပ်လေ၏။

"အထွေးကလည်း ဘာလုပ်တာလဲ၊ ခင်းစရာမပါဘူး လား၊ မောင့်ပုဆိုးနဲ့ ဘလေဇာခင်းပေးမယ်လေ၊ ဖျင်ကြမ်းစောင် လည်း ပါပါတယ် သြော်..."စသည်ဖြင့် ကိုယ်က ရေရွတ်ဆဲ အထွေးက ရှူးခနဲ တိတ်စေကာ မျက်လုံးကလေးများ ပြူး၍ မျက်ဆန်နက်ကလေး ဒေါင့်ကပ်ကာ မြေမှာကပ်၍ နားထောင် လေ၏။

"အနောက်ကလိုက်လာဦးတော့၊ တစ်နာရီအတွင်း ရောက်နိုင်မယ့် ခရီးမှာ မရှိပါဘူး"

မောင်က သက်ပြင်းရှည်ကြီးချလိုက်သည်မှာ မောင့် လက်မောင်း၌ အုံးမှီလာသော အထွေး၏ နဖူးမှဆံယဉ်စများ လွင့်မှိသည်အထိ ကြာရှည်လေသည်။ ထို့နောက် အထွေးကလေး သည် မျက်လွှာများချကာ အသံထွက်၍ ရယ်မောသည်။ တော သည် တိုးလို့ညံကာလာပြီး တောတောင်စောင့်နတ်တို့ ဝိုင်းဝန်း၍ ပြိုင်တူညီညာ သီချင်းဆိုသလိုထင်ရသည်။ မင်္ဂလာဘွဲ့ကို ဖွဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်ပင် ဖြစ်မည်။ ကျွန်းပင်ကြီးများက ပုဏ္ဏားအဖြူအညိုလို မားမားရပ်ရာက အရွက်ကြီးများနှင့် သပြေရွက်လို ဖြန့်မိုးကာ ငုံ့ကြည့်ပြီး ကောင်းကြီးသြဘာပေးကြသည် ထင်သည်။ ဝါးပင် ရှည်များကလည်း ကြာယပ်ဇာလို ပါးလွှာမျှင်ရွက်ဖြင့် စိမ်းမြ ကွက် ပေါ်အောင်ယက်ပြီး ဖြည်းညှင်းသာယာယပ်လွှဲခတ်ကြ စဉ် လူးလိမ့်ပြေးလွှားလာသော သစ်ရွက်ခြောက်များသည် ကိုယ် တို့ ထွေးပိုက်ရာသို့ ဝိုင်းဝန်းစုအုံလာပြီး ပန်းမွှေ့ရာပမာ သိမ်းရစ် ပိုက်ဖျားကာ နွှေး၏။ ကိုယ်တို့၏ မမြင်သာသော သစ်ရွက် သစ်ခက်မိုးကာရာ အပြင်မျက်ကွယ်ကောင်းကင်၌တော့ စုံစေ့ စွာ ထွက်ခဲ့သော ကြယ်တို့သည် အချင်းချင်း မျက်စပစ်ပြလျက် စကားတင်းဆိုမည် ထင်သည်။ မနာလိုဖြစ်မည်ထင်သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

[၇]

ချမ်းသာသုခဆိုသည့် နောက်ကို တကောက်ကောက်ပင် တစ်သက်လုံးလိုက်သော်လည်း ဖမ်းမမိခင်မြေ၌ လျောင်းစက်ရလေ့ရှိကာ၊ မတော်တဆ ရရှိလျှင်တော့ တွေဝေမှိုင်းမြ၍ ခဏမျှ သတိလစ်လိုက်သော်၊ အပ်ပျောက်မြေကျ ရှာမရ ဖြစ်ရတတ်သည်အထွေး။ သည်တရားကို စောစောက ဘာကြောင့် မသိမြင်လေသလဲ။ အထွေးက ကိုယ့်ထက်ကြီးပါလျက်နှင့် ဘာကြောင့် မသွန်သင်ပြလေသလဲ။ အထွေးကပင် ကိုယ့်ထက် ဘာကြောင့်ပို၍ မိုက်မှားရလေသလဲ။

မောင်ကတော့ လောက၌ ဖြစ်ချင်ရာသည် ဖြစ်နေဆဲ။ ပျက်ချင်ရာများကလည်း ပျက်လို့လိုက်သည်ဟု တအားနွဲ့နှင့် ထင်မြင်ရပြီပင်။ ကိုယ့်ကိုယ်ကို နိဗ္ဗာန်ကြွေခွက်ထဲမှ ခြောက်လုံးသော ကြွေအံလို ကံကြမ္မာဟူသည့်လက်က ပစ်ခေါက်ထည့်ခြင်းခံရသည်ဟု ထင်၏။ နိဗ္ဗာန်ကွက်သို့ မတိုင်မချင်း ခွက်ငယ်၌ ထည့်၍ လှုပ်ချင်းခံရမည်။ မှောက်ချင်မှောက်မည်။ လှန်ချင်လှန်



www.burmeseclassic.com

www.burmeseclassic.com



မည်။ တစ်ခါတစ်ရံတော့ ယခုလို ပျော်ရွှင်ခြင်းနှင့် ဆင်းရဲခြင်းကို တလှည့်စီခံစားရသော် ကံကြမ္မာဟူသော လက်သည် အင်မတန် ကျွမ်းကျင်လိမ္မာပြီး ညစ်ချင်သည်ဖြစ်၍ ကြွေအံကိုတမင်စီ၍ပစ်သည်ထင်သည်။

အထွေးကတော့ မောင့်ကို ဆင်ခြေရှာနိုင်ရန်ကောရယ်လို့ ပြောတတ်လျှင် ပြောချင်မည်။ အထွေးက ပြောသည်မှာတော့ "ကျွန်မတို့ကို ဘယ်သူကမှ မစိုးမိုးဘူး မောင်ရဲ့၊ စိတ်ကသာ စိုးမိုးတယ်၊ စိတ်တန်ခိုးဆိုတာက နာနာဘာဝထက် အစွမ်းထက်တာလားရှင်"အထွေးကလေးက ပြောသမျှတော့ မောင်က သနားရယ်ရွှင်ရုံအပြင် ဘာမှ မရှိစဖူးချေ။ ကိုယ်နှင့်ကြုံတော့ အထွေး ပျော့ပျောင်းဟန်ကို မြင်လျှင်ပင် စိတ်ကြီးဝင်မိ၏။ ဖြူစင်ဖြောင့်တန်းသော တစ်လမ်းသွားလေးရယ်လို့တော့ တစ်ခါတစ်ရံ နေမထိထိုင်မသာ ဖြစ်တတ်သည်။

ဘာပဲဖြစ်ဖြစ် အထွေးသည်သာ တကယ်ပျော့ပျောင်းသည်မှန်လျှင် ယခုလိုဖြစ်ဖို့ မရှိချေဘူး။ အထွေးက တစ်ကိုယ်တည်းစိတ်ကူးတတ်သူတည်း။ တစ်ကိုယ်တည်း လုပ်ကိုင်တတ်သူတည်း။ နှုတ်မှကြို၍ မပြောပြတတ်သူတည်း။ သည်လိုပင် မောင် တစ်သက်လုံး ထင်မြင်ချင်ပြန်လည်း ပျော်ရွှင်ခြင်းတောင်ထိပ်မှ ငြိမ့်ခနဲချက်ချင်း လိမ့်ကျခဲ့သည့်အခါက အထွေး၏ လက်ကလေးများ တစ်ဆတ်ဆတ်တုန်ကာ ပူခြစ်သော မောင့်နဖူးကို စမ်းရှာသည်ကို သတိရပြန်ကာ ဝိုင်းဝိုင်းလည်သော ဒဏ်ရာရသည့် တောရိုင်းသမင်မ မျက်လုံးများနှင့် အထွေးကြည့်ပုံသည် ရင်ထဲ၌ စူးဝင်နာကျင်သည်လို့ ပြောချင်သည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



သည်အကြည့်နှင့်ပင် ဘာကြောင့် ပြီးဆုံးရသလဲ အထွေး။ ဘာကြောင့် မောင်တောင်းပန်သည်ကို မလိုက်နာနိုင်သလဲ။ အလျှော့ပေးဖို့ဆိုသည်ကို အထွေး နားပင်မလည်နိုင်လေသလား။

အထွေးကလည်း ပြောမည်။ ဘာကြောင့် မောင်အိမ်ပြန်သလဲ၊ တောမှာမပျော်လေသလား။ မြို့က အနေအထိုင်သက်သက်သာလေသလား။ သို့သော် မောင်အိပ်ရာက မထနိုင်အောင် ဖျားသည်ကို အထွေး၏ နာမည်ပျက်သော လွယ်အိတ်မည်းထဲမှ ဆေးများကလည်း မတတ်နိုင်ချေ။ အထွေးလှည့်ပတ်သွားလာရာကို လူမမာက မလိုက်နိုင်ချေ အထွေး။

"မောင်နဲ့လိုက်ခဲ့ပါ"လို့ ခေါ်သည်။ မောင်ရဲ့ ကတိများကိုတော့ အထွေးက စိုးစဉ်းမျှ မယုံကြည်ချေ။ မောင့်အိမ်တွင် မောင့်ကို ချစ်ခင်သော အမေနှင့်အစ်မရှိသည်လေ။ သူတို့က အထွေးအပေါ် စိတ်ကောင်းထားသည်ဆိုတာကိုလည်း အထွေးမယုံကြည်နိုင်ချေ။ မောင်ကလည်း တွေဝေငေးမော၍သာနေခဲ့သည်။ သို့သော် မောင်မကျေနပ်သည်မှာ အထွေးက မောင့်နောက်ကို နေရာမရွေး မလိုက်နိုင်သည်ကိုလည်း အထွေးရဲ့ သဘာဝက အတည်တကျ နေတတ်သည်မှ ဟုတ်ပါလေစဟု မောင် သံသယဖြစ်ရသည် အထွေး။ အထွေးနှင့်မောင်တို့ လျှိုမြောင်၊ ချောက်ကြားမှာ တောတိရစ္ဆာန်များပမာ စားသောက်သွားလာရသည်တို့ကို အထွေးက တစ်သက်လုံး လုပ်ချင်သည်မှာ အံ့စရာထင်သည်။ ဆန်ကို ဆားနှင့်လုယ်၍ ဟင်းရွက်မျိုးကို အထွေး၏ ဆေးလွယ်အိတ်ပြ၍ တောင်းရမ်းရခြင်းမျိုးမှာ မောင့်အထွေး မပျော်စေချင်။ တောင်ကြိုကြားက စီးဆင်းလာသော



www.burmeseclassic.com

www.burmeseclassic.com



ရေကို တွေ့လျှင် အထွေးက ရေသူမကလေးလို အဝတ်ချွတ်၍ ပုံကာ ရေကူးတတ်သည်ကို မောင်က ရင်ဒွဖိုလိုက်ရသော်လည်း ခဏကြာလျှင်တော့ တစ်ဖက်သို့လှည့်၍ မျက်ရည်လည်ရသည်။ အိမ်ခန်းလောက်ကြီးသော ကျောက်တုံးကြီးများ ရေညှိကျောက်ခက်နှင့် စိမ်းလက်သည်ကို မြင်လျှင် အထွေးက ခုန်ပေါက်လို့ တတ်ချင်သော်လည်း မောင်က သေရာကထလာသည့် ဝိညာဉ်လို လွင့်ပါး၍ အဝေးသို့ (မြို့သို့ပဲဆိုပါ)ပြန်ရောက်သည်။

တစ်ခါတစ်ရံတော့လည်း မောင်၏စိတ်နှလုံးတို့လည်း လူသားတို့၏ မုသာဝါဒနှင့်သာ ရောနှောနေတတ်တော့ သည်လို့ ထင်သည်။ အေးငြိမ်းရာသည်မှာ အထွေးရှိလျက်နှင့် ကြာရှည် မပျော်ပိုက်နိုင်ချေ။

ဖျားနာခြင်းနှင့် အိပ်ရာ၌ လဲလျှင်တော့ အထွေးသွားလေရာကို အနောက်က တကောက်ကောက် လိုက်ရခြင်းများသည် သည်းညည်းခံနိုင်စရာ မရှိတော့ချေ။

ထို့ကြောင့် မေမေနှင့်မမတို့က လွှတ်လိုက်သည့် ကိုအောင်တို့လူသိုက် ရောက်လာသည့်အခါ အထွေး၏ မျက်နှာကလေး ဖြူရော်နေသော်လည်း မောင်က အားသစ်ပြည့်သည်။

“မောင် သူတို့က အထွေးကို ဖမ်းမှာလား”ဟု အလန့်တကြားမေးရှာသေး၏။

“သူတို့က မဖမ်းပါဘူး၊ မောင်တို့ကို ပြန်ခေါ်တာပါ၊ နှစ်ယောက်လုံး အိမ်ပြန်ခဲ့စေချင်တယ်လို့ မှာတယ်တဲ့၊ မောင်ဖျားနေတာလည်း သူတို့ကြားတာပေါ့ အထွေး၊ မောင့်ကို သူတို့ ကြာရှည်စိတ်မဆိုးပါဘူး အင်မတန်ချစ်တဲ့ သားပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကိုတော့ ဘယ်မှာချစ်မှာလဲ"ဟု အထွေးက ညည်းညူရှာသည်။

"ဒီလိုချည်းပဲလည်း ဘယ်မှာနေလို့ဖြစ်မလဲ အထွေး၊ ပြန်ခေါ်တော့ အိမ်မှာ လင်မယားနှစ်ယောက် တူတူနေရုံပေါ့၊ မောင်လည်းအလုပ်နဲ့ အကိုင်နဲ့နေမယ်၊ အထွေးက အိမ်မှာ လိမ်လိမ်မာမာကလေးနေပေါ့၊ မေမေတို့နဲ့ ပျော်စရာဘယ် လောက်ကောင်းသလဲ အထွေးရယ်၊ မောင်တို့ တစ်သက်လုံး ချည်းပဲလည်း ဘယ်ထွက်ပြေးနေနိုင်မှာလဲ မဟုတ်ဘူးလား..." ဟု ကိုယ်ကချော့တော့ အထွေးက အသံကလေးများ အက်ကာ

"မောင့်အထွေးကတော့ နေနိုင်ပါတယ်ရှင်၊ တစ်သက် လုံး ထွက်ပြေးပြီးပဲ နေလာတာ၊ ဘယ်နေရာမှာမှ ကြာကြာ နေလို့လည်းမရ"

"မောင့် အိမ်မှာတော့ ကြာကြာနေရရုံ ဘယ်ကမှာလဲ အထွေးရယ်"

"အဲဒါက မောင့်အိမ်မှ မဟုတ်တာ၊ သူများအိမ်ပဲ"

အဖျားသွေးနှင့် ခေါင်းပူနေသော ကိုယ်ကတော့ ပြော ချင်ရာတွေ ပြောခဲ့သေးသည်။ အထွေးကလေးက မျက်လုံးကြီး များဝင့်ပြီး တစေစိုက်ကြည့်နေသည်မှာ ကြောက်လန့်ပြီး သေရ သူလို မျက်တောင်မခတ် ငြိမ်လှသည်။ အထွေး၏ရင်ထဲမှာ ဘယ်လိုလှိုင်းလိပ်တယ်တော့ ထိုအခါက မောင် မမှန်းဆမိ၊ မောင်ကတောက်လျှောက်ပြောသမျှ အထွေးက တစ်ခွန်းပြန် မတုံ့ပဲ နားထောင်သည်။ မောင် ပြောသည်မှာကတော့–



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး အထွေး၊ အကျိုးအကြောင်းဆိုတာက စဉ်းစားရတယ်၊ စိတ်လိုက်မာန်ပါ ကြာရှည်မလုပ်နိုင်ဘူး အထွေး၊ မောင်နဲ့မြို့ကို ပြန်လိုက်ခဲ့ပါ။ ဒီမြိုင်ထဲမှာ မောင်သေသွားတာ ကြည့်ချင်သလား။ အထွေး တကယ်တော့ မြိုင်ထဲမှာ တစ်သက်လုံး မနေနိုင်ဘူး။ သားနဲ့သမီးနဲ့ အိမ်ထောင်သည်များလို အခြေတကျ မနေချင်ဘူးလား။ တောရိုင်းတိရစ္ဆာန်မှ မဟုတ်ကြတာ အထွေး။ မြို့ကိုပြန်ပြီး မောင် ကျန်းမာတော့ ပျော်ပျော်ရွှင်ရွှင် နေရဦးမှာပေါ့၊ အထွေးက ဒီဆေးလွယ်အိတ်ကို မပစ်နိုင်ဘူးတဲ့လားကွယ်၊ မြို့အနေ မနေတတ်ဘူးဟာ လားကွယ်"

အထွေးက အထွေးကို ကိုယ်ကျေနပ်အောင်မှ စကားဟဟ မပြောကြသော ကိုအောင်တို့ လူတစ်သိုက်ကို ကြောက်ရွံ့လျက်ရှိသည်ဆိုတာတော့ မောင် သတိမထားမိတာက မောင့်အမှားပင်၊ ကိုအောင်တို့စကားကို မောင် နားထောင်သလားရယ်လို့ သံသယပွားတာကိုလည်း မောင်မမြင်၊ အထွေးကလေးမှာ မယုံတတ်သည့်သဘော သည်လောက်ပေါမည်လို့လည်း မောင်မထင်ချေ။ ထိုအချိန်ကတော့ ဖျားနာပင်ပန်းလှတယ်ရယ်လို့ ကိုယ့်ကိုယ်ကိုသာ သနားလို့ နေအားသည်။ ကျန်းမာဖျတ်လတ်၍ အရာရာမှာ တတ်သိသော အထွေးက၊ ကိုယ့်ထက်ကြီးပြီး အမေလိုပုံပြောသိပ်တတ်သည့်အထွေးက မောင့်ကို အလိုလိုက်နေကျအတိုင်း လိုက်စေချင်သည်။

နောက်ဆုံး၌ အထွေးကလေးက ပဝင်းသော မျက်နှာကလေး နီရဲကာ–



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ရှင်၊ ကြာရှည်တော့ မဖြစ်ပါဘူး။ မောင့်အထွေးကတော့လေ ကိုယ့်လက်ပေါ် မောင်အခု သေသွားရင် ပိုပျော်မယ်"ဟု ပြောသည်။

"ဒါဖြင့် လိုက်မယ်ပေါ့၊ ဟုတ်လား၊ မြို့ကိုလိုက်ခဲ့နော်၊ မြို့မှာ အိမ်ရှိတယ် အထွေးရဲ့"ဟု ဝမ်းသာအားရ ပြောမိလျှင် အထွေးသည် ဘာမှ မပြောတော့ဘဲ မောင့်နဖူးကိုသာ လက်နှင့် သပ်ခဲ့သည်။

"လိုက်မယ်လို့ ပြောပါဦး၊ အထွေးရဲ့"

"လိုက်ခဲ့မယ်လေ"

အထွေးက သည်လိုပင် ကိုယ့်စိတ်ကူးနှင့်ကိုယ်ပြောတတ်သည်။ မောင်ကတော့ ဝမ်းသာမိသေး၏။ အထွေးက မောင့်နောက် လိုက်ရှာပါတကားရယ်လို့ ကျေးဇူးတင်သေး၏။ အထွေးကတော့ အထွေးစိတ်ကူးရှိသည့်အတိုင်း ကိုယ်တို့မြို့နှင့် အနီးဆုံးသော အမည်းဝတ်သည့် သွားဆေးဆိုးသည့် ရှမ်းရွာအထိ လိုက်ခဲ့သည်။

ရှမ်းရွာမရောက်ခင် တစ်ညတော့ အထွေးသည် မောင်တို့ကို တင်ဆောင်လာသည့် ပုလိပ်ကားပေါ်မှ ဆင်း၍နေသေးသည်။ သူများတကာ ညနေစာစားကြဆဲ မောင်က ပူပင်လျက်ရှိသည်။ အထွေးဘယ်မှာ သွားနေသလဲ၊ စိတ်မပျော်ရှာလေသလား၊ သို့သော် အထွေးသည် မောင်တစ်ယောက်တည်းရှိမှ ပြန်တက်လာပြီး ခပ်လှဲလှဲထိုင်သော မောင့်ရင်ခွင်မှာ မျက်နှာအပ်၍ ငိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်သလဲ အထွေးရယ်"ဟု စိတ်ဆင်းရဲခြင်းနှင့် မေးတော့–

"ပြန်ထွက်ပြေးကြပါစို့ မောင်ရယ်၊ ကျွန်မတို့ချည်းနေတုန်းက ဘယ်လောက်ပျော်သလဲ။ မြို့ကျရင် မောင့်အထွေးကို မကောင်းကြံကြမှာ ကျွန်မ ရိပ်မိပါရဲ့။ မောင်က သူတို့ဘက်သားလား"ဟု ချက်ချင်းဒေါသသံကလေး ပေါက်သည်။

"အထွေးရယ်၊ စိတ်မပြောင်းစမ်းပါနဲ့"ဟုသာ ကိုယ်က ပြောခဲ့သည်။

ရှမ်းရွာသို့ ရောက်သည်အထိ အထွေးသည် ခပ်တောင့်တောင့်ထိုင်၍ လိုက်သည်။ မောင့်နဖူးကို မသပ်ယပ်တော့ချေ။ မောင့်အနား မကပ်တော့ချေ။ အထွေး၏ ရွှင်လန်းသော လေသံကလေးကိုလည်း မကြားရတော့ချေ။ အမှောင်ရိပ်ဝယ် အထွေးငြိမ်ကာ မလှုပ်မယှက် နေသည်မှာ မေ့ကျန်ရစ်၍ မပါလာတော့သလိုတည်း။

လမ်းတစ်လျှောက်မှာ အထွေးသည် အထွေးစုံမက်သော ဆေးလွယ်အိတ်ကလွဲ၍ အထွေးပိုင်ပစ္စည်းထုပ်ဟူသမျှကို ပစ်ချခဲ့သည်ဆိုတာ မောင်ကမသိ။ အထွေးသည် ဘယ်လိုအကြောင်းကြားခြင်းမှ မပြုဘဲ ဖျားနာသော မောင့်ကို ထားပစ်ခဲ့လိမ့်မည်လို့မသိ။ ရှမ်းရွာရောက်တော့မှ အထွေးသည် ဖြုတ်ခနဲပျောက်သည်။ အထွေးကလေးသည် လာလမ်းတစ်လျှောက်ပြန်ပြေးပြီး ကိုယ့်အထုပ်ကလေးများတွေ့လျှင် ကောက်ကာထမ်းပိုးရှာလေမလား။ မောင့်လူများ လိုက်ရှာလျက် မတွေ့သည်မှာ တစ်ညလုံးပင် မြိုင်စပ်သို့ရောက်အောင် ပြေးရှာလေ



www.burmeseclassic.com

www.burmeseclassic.com



သလား မောင်တို့ မီးဖိုလို့နားနေအိပ်စက်ကြသည့်နေရာကို ပြန်လို့ မှတ်မိရှာသေးရဲ့လား။ နှင်းတောမှာ နှင်းမခိုဘဲ စိုစို စွတ်စွတ် သွားရှာလေသလား။ မောင်မသိ။ မောင်ကတော့ မျက်ရည်များသာ အပေါက်ပေါက်ကျကာ တစ်ယောက်တစ် ပေါက် ဝိုင်းဝန်းပြောဆိုနေကြသော ရပ်ပေးမည် မကြံသော ကိုအောင်တို့၏ကားနှင့်မြို့သို့သာ ပါလေ၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

[၈]

အိပ်မက်ပင် . . .၊အိပ်မက်ပင် . . .၊ အိပ်မက်လို့ပင် မောင့်အထွေး ကလေး ထင်ရှာသည်။ မောင်ကသာ မသိသော်လည်း အထွေး သည် မောင်နှင့် ဝေးလှသည်မဟုတ်သော နေရာ၌ရှိသည်။ အကြောင်းကား မြို့ဘက်ကို ပြန်မသွားသောကြောင့်တည်း။ ပစ်ချခဲ့သော အထုပ်များကိုလည်း လိုက်လံကောက်ယူမည် စိတ်မကူး၊ အထွေး၏ အစအနဆို၍ တစ်စမျှ မောင့်ထံ မကျန်စေချင်သော သဘောသာ အထွေး၌ ရှိသည်လေ။ အထွေး ၏ ပစ္စည်းအားလုံးသည် ရာသီကြမ်းဒဏ်ဖြင့် မကြာခင် နွမ်းရိ ပျောက်ပျက် သွားမည်ဖြစ်လေ၏။ အထွေး၏ ပစ္စည်းကို ဘယ်သူမှ မထိစေချင်သည့် သဝန်တိုစိတ်က ကြီးမားလှသည်မှာ အမှန်။ သို့သော် အထွေး သဝန်အတိုဆုံး သူများတကာနှင့် ဝေယူမဆက်ဆံနိုင်ဆုံးသော မောင့်ကိုတော့ အထွေးဆုံးရှုံးပြီလို့ ထင်မှားရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့လျှင် မောင့်ကို ချစ်တတ်သော်လည်း မောင့်ကို အားမကိုးသော အထွေးသည် တစ်ယောက်တည်းပင် လျှောက် လျက်ရှိပြန်သည်။ မကြာခဏပင် ယခုလို တစ်ယောက်ထီး တည်း ညကြီးသန်းခေါင်မှာ လျှောက်ရတတ်သည်။ ဝမ်းနည်း စရာပါ တကားရယ်လို့ တစ်ခါမှ ဆွေးမြေ့ကြေကွဲခြင်း မဖြစ် တတ်သော်လည်း အထွေးသည် ထောင်ချောက်လွတ်မြောက် လျက် ရှိပြန်၏။ အထွေးသည် ဘာကိုမှ စဉ်းစားနေခြင်းလည်း မရှိချေ။ ဘဝဟောင်းကို ပြန်ထားပြီး မှတ်မိနေသောလမ်းများကို လျှောက်နေရတယ်လောက်သာထင်၏။ မောင်နှင့်နေခဲ့ရသမျှမှာ ဘဝ၌ တစ်ခါမျှ ကြုံကြိုက်မိသော ရောင်စုံစက္ကူပန်းများ ခြယ်လှယ်ကူးသန်းသည့် ပွဲသဘင်မျှသာတည်း၊ ထိုပွဲသဘင် သည် အဘိုးကြီးလှသဖြင့် ကြာရှည်မဆင်နွှဲနိုင်ချေဟု အထွေး ထင်သည်။

ခြေဦးတည်ရာ လျှောက်ရသည့် အရသာ ပြန်ပေါ်လာ ပြန်၏။ မောင်နှင့်နေတုန်းကလို မောင်ရှိရာကိုပြန်သွားမည် စိတ်ကူးနှင့် ခဏထွက်ခွာကာ စားသောက်စရာ ရှာခြင်းမျိုး မဟုတ်။ ဘယ်ကိုမှ ပြန်မသွားဘဲ ရောက်ချင်ရာကို ရောက်နိုင် သည်။ ပြန်သွားစရာလည်း မရှိချေ။ လွတ်ကျွတ်လှသည်။ အလျင်စလိုလည်းမရှိ။ ဘယ်သူလိုက်လာမည်လို့လည်းမကြောက် ရသဖြင့် မြေမှာပါးအပ်၍ နားကပ်ထောင်စရာ မလိုချေ။

မိုးအနည်းငယ် လင်းလာတော့ အထွေးသည် ကောင်း ကင်ကို မော့ကြည့်သည်။ (သည်အချိန်မှာ မောင်ကအဖျား တက်လို့ကောင်းဆဲပါ အထွေးရေ့) ကောင်းကင်သည် အနည်း



www.burmeseclassic.com

www.burmeseclassic.com



ငယ်ဖြူ၍ တိမ်များနှင်းများ ကင်းစင်ချင်သည်။ ထို့ကြောင့် ယနေ့ နေသာမည်။ နိမိတ်ကောင်းသည်လို့ပင် အထွေးထင်သည်။ အထွေးသည် ရေအိုင်မြင်လျှင် ထိုင်မည်ဟု စိတ်ကူး၏။ ရေစရေနကို ကြည့်ချင်သည်။ မျက်နှာနှင့်လည်ပင်းများကို ရေမှုန်ရေပန်းနှင့် ပက်ဖျန်းပွတ်သပ်ချင်သည်။ နှင်းကျနေသည်၊ အေးမြနေသည်ကို သတိမထားမိ။ ဆံပင်များ နဖူးနှင့်ပါးပြင်ပေါ် ဝဲကျနေသည်ကို သတိရလျှင် လက်နှင့်သပ်လိုက်ရာ နှင်းဥများ လက်မှာ ကပ်၍ပါလာတတ်သည်။ လက်က အပူရှိန်နှင့် ခဏတွင်းပင် အရေပျော်ပြီး လက်ဖဝါးစိုနေတတ်၏။

ရေအိုင် မတွေ့သေးဘဲ ခြေထောက်များ ထုံကျင်ကိုက်ခဲလာလေသည်။ နားချင်သည်။ စိုစွတ်သော သစ်ရွက်ခြောက်များပေါ် လဲလျောင်းလိုက်ချင်သည်။ ရွာနှင့်တူသည်ကိုတွေ့လျှင် ကွေ့ရှောင်ပြီးလာခဲ့သည်။ သည်ဘက်ကို သိပ်မကျွမ်းကျင်ချေ။ ငယ်ငယ်ကတော့ ကျက်စားဖူး၏။ ယခုလည်း လိုရာရောက်အောင်တော့ သွားတတ်သည်။ ရေအိုင်ကလေးများ တွေ့နိုင်သည်။ သည်ဘက်မှာ ရေတံခွန် တစ်ခုရှိသည်။ ကချင်ရွာစပ်မှာလည်း ရေတံခွန်မှာ မိုးတွင်းအခါမှသာ ကြီးကျယ်သည်။ ဝုန်းဝုန်းဒိုင်းဒိုင်း အော်ဟစ်ပြေးဆင်းလေ့ရှိသည်။ ရေတံခွန်မှာ မိုးတွင်းအခါမှာသာ ကြီးကျယ်သည်။ ဝုန်းဝုန်းဒိုင်းဒိုင်း အော်ဟစ်ပြေးဆင်းလေ့ရှိသည်။ ရေတံခွန်မှ စီးဆင်းလာပြီးအိုင်ပေါက်နေရာ မြို့သူမြို့သားအများတို့လာရောက်ပြီး ရေချိုးပျော်ရွှင်မြဲတည်း၊ ယခုလို ဆောင်းတွင်းမှာတော့ ကျောက်စက်ရေသည် ထုံကျင်အောင် အေးစက်မြဲမို့ ဒင်းတို့လာမည်မဟုတ်။ ဒင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ကန့်ဖြင့်ဝါ၍ ကြက်ဥပြုတ်နိုင်သော ရေပူတွင်းဘက်သို့ သွားကြမည်တည်း။ အထွေးသည် သက်ရှိလှုပ်ရှားသည့် သတ္တဝါဆိုလျှင် ဘာကိုမှမတွေ့ချင်စိတ် ပြင်းပြလှသည်မို့ ရေတံခွန်ရောက်လျှင်တောင် ကချင်ရွာဘက်က မတက်ဘဲ မတ်စောက်သော တောင်ကြားဘက်က ပန်း၍ တက်မည်ကြံစည်သည်။

ရေကိုကြည့်ချင်သည်။ ရေအလျဉ်သည် ဖြူဖွေးဖွာကျဲပြီး ပြေးလွှားလူးလိမ့်ကျလာသည်ကို ကြည့်ချင်သည်။ ရေအိုင်တစ်စနှစ်စတွေ့လျှင် ကောင်းမည်။ ရေအိုင်တစ်စနှစ်စ နောက်လိုက်ပြီး တက်သွားလျှင် လူမျက်နှာလို အပြားလိုက်ထောင်သော တောင်တစ်ဖက်သို့ရောက်မည်။ ထိုတောင်နံဘေးမှကပ်ပြီးလျှောက်လျှင် ရေတံခွန်မှ သွန်ကျသောရေဖြင့် စမ်းပေါက်သည့် နတ်သောက်ကန်သို့ ရောက်မည်ထင်၏။

ဆာလျှင်တော့ အထွေးသည် စိတ်ကူးမရှိဘဲနှင့် တိရစ္ဆာန်၏ အသိဉာဏ်မျိုးဖြင့် လက်က ရှမ်းလွယ်အိတ်မည်းထဲရောက်သွား၏။ ဟိုသည် ကြာရှည်စမ်းသပ်နေပြီး မာကျောငြိရှ၍ ကျွတ်ဆတ်ပွရွသော ဆေးဖော်စပ်သည့် ငှက်ကြီးအန်ဖတ်များကိုထုတ်သည်။ ပြီးလျှင် ချိုးဖဲ့၍ ပါးစပ်ထဲ၌ ငုံသည်။ တံထွေးရည်များကို မျိုမချဘဲ ငှက်အန်ဖတ်နှင့် ရောငုံထားရာ မကြာခင်ပွပြီး ဝါးလို့ရအောင် ပျော့ပျောင်းလာသည်။ သည်တော့မှ မြို့၍နေပြန်သည်။

အထွေးသည် မောင့်ထံသို့ ပြန်လာမည် စိတ်မကူးသည်ကိုတော့ မောင်မကျေနပ်နိုင်ပါအထွေး၊ ကိုယ်က အိပ်ရာထဲမှာ "အထွေးရေ လာပါ။ ကျွန်တော့်ဆီလာပါ၊ မောင့်ဆီလာပါ"ဟု



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဖျားမှ တဆဲ အထွေးက ဆင်းရဲဒုက္ခဆိုသည်ကို ခံနေကျမို့ ခံစားကာ ခြေသလုံးအိမ်တိုင်ပြုကာ နေရက်သည်။ အထွေးအဖို့ မောင့်ကိစ္စသည် လုံးဝပြီးပြတ်လေပြီ။ အထွေးက ထွက်သွားပြီး ပြန်လာလေ့မရှိ။ အထွေး၏အလိုသည် အထွေး၏မေတ္တာထက် အင်အားပို၍ ကြီးမားသည်။ အထွေး၏ အလိုကတော့ သူ တကာလို အေးချမ်းစွာ ရပ်တည်မနေခြင်းရယ်လို့ ကိုယ်ထင် သည်။

ကိုယ်ဘာထင်ထင် အထွေးကတော့ ဘာမှရှင်းလင်း ပြောပြမည်မဟုတ်။ အထွေးက နှုတ်ဆိတ်ပြီး နေနိုင်သော မာနဖြင့် အတိပြီးသည် မဟုတ်လား။ အထွေးသည် ကိုအောင်တို့ ၏ ချောက်လှန့်စကားများကို ကားပေါ်တွင် လမ်းတစ်လျှောက် လုံး နားထောင်နေခဲ့ရသည်ဆိုတာကိုလည်း မောင့်ကို ပြောမပြ။ မြို့ကို ပြန်ရောက်သော်လည်း ၂၄ နာရီအတွင်း ထွက်ခွာသွားရန် နှင်သည့် နယ်ခြားဥပဒေအရ အမိန့်ကို နာခံရန် ဖြစ်သည်ဆိုတာ လည်း ပြောမပြ။ ပြောပြလျှင် မောင်ကဘာလုပ်မည်လဲလို့ အထွေး စဉ်းစား၍မရဟန် ရှိသည်။ မောင်က အထွေးနောက် ပြန်လိုက်မည်မဟုတ်လို့ အထွေးယုံကြည်သည်။ အထွေးကတော့ ဘယ်နည်းနှင့်မှ မြို့ကို မလိုက်နိုင်ပြီလို့ တထစ်ချဆုံးဖြတ်သည်။ မောင့်အတွက် မငဲ့ညှာချေ။

သို့လျှင် မြို့သို့ရောက်၍ တစ်ညလုံး ဂယောင်ချောက် ချားနှင့် စကားပေါက်ကရပြောပြီး မိုးလင်းစ ကျီးနိုးချိန်မှာ ကိုယ်သည် ပြူးတင်းသို့ တွယ်၍ လာခဲ့ပြီး အထွေးဘယ်မှာ ရှိမည်ကို မငေးမျှော်တတ်ဘဲ "အထွေးဒီအချိန် ဘာလုပ်နေမလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရောက်နေမလဲ”ဟု ပူပန်ကြီးစွာဖြစ်ခိုက် အထွေးသည် ရေတံခွန်အဖြစ် တောင်ကြားကျောက်စက်ရေများ စတင်စုပေါင်းရာ ကချင်ရွာနှင့်ဝေးသော တောင်ခါးပန်းတစ်ဖက်၌ ပြောင်ချောညိုမည်းသည့် ကျောက်လုံးတစ်လုံးကိုမှီကာ စိတ်လှုပ်ရှားဟန်မရှိဘဲ ထိုင်သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

[၉]

အထွေးရှေ့၌ သစ်ရွက်ကျောက်ခက်များ ပါး၍သွားသည်။ ကျောက်ညှိတို့ အစားဝင်လာသည်။ အင်မတန်နု၍ ကတ္တီပါမွေးလိုတိုကာ ညီညာသည်။ အနားကပ်ငုံ့ကြည့်တောင် ရေညှိတစ်မျှင်နှင့်တစ်မျှင် ကွဲပြားနေဟန်ကို မြင်ရပါမည်လား မသိ။ စင်စစ်ထိုရေညှိများသည် ရေဒလဟော မပြတ်စီးရာ ကျောက်အပြင်၌ပေါက်ရောက်ခွင့်မရ။ ရေတစ်ချက်တစ်ချက် ပက်ဖျန်းမိသောနံဘေးနံဘီ၌သာ အညှိတက်ရဲကြသည်။ ရေကအရှိန်ဖြင့်ဝင်ဆောင့်ကာ ကွေ့ကောက်၍ သွားသည့်အတိုင်း ကျောက်သားများသည် အရစ်အရစ်ထပြီး ခွက်ဝင်နေသည်များကို မြင်ရ၏။ ကျောက်စများချွန်ပြီး ကျန်ရစ်သည်မှာ အဖေဖြစ်သူ သိမ်းဆည်းလေ့ရှိသည့် ပြာလဲ့သော သံမဏိဓားရှည်လို ပါးလွှာ၍ ထက်မြလှသည်။ လူ့အရိုးကိုပင် ဖြတ်နိုင်မည်ထင်၏။ လိမ့်ကျသွားလျှင် ရေရှိန်နှင့် မျောပါပြီး ရေအလျဉ်၏ ခရီးအတိုင်းကျောက်ဆောင်ကျောက်စွန်းများနှင့် ရိုက်ဆောင့်ကာ လိမ့်လဲခုန်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်၍ပါသွားပြီးနောက် ရေတံခွန်၌ လျှောခနဲ မတ်တတ်ကျမည်။ ပြီးတော့ အိုင်ပေါက်နေသည့် အထဲရောက်ကာ ငြိမ်သက်သော မျက်နှာပြင်သာ ကျန်ရစ်မည်။ သို့သော် ဘယ်ကိုမှန်းမသိ။ ဖြည့်ညှင်းသာယာစွာ စီးဆင်းမြဲတည်း။ အဲဒါကတော့ ငရဲပြည်ဆိုတာကို နောက်ဆုံး ရောက်လိမ့်မည် ထင်သည်။ ရေအလျဉ်သည် ငရဲပြည်ကျတော့ ချက်ချင်း နီရဲပူလောင်ကာ မီးအလျင်အဖြစ် ပြောင်းမည်ပင်။

တစ်ခါက သည်ရေတံခွန်မှာ လူသေဖူး၏။ အောက်သားများ အဖွဲ့အစည်းနှင့် လာကြစဉ်ကတည်း။ ကျောင်းဆရာဆိုထင်ရဲ့ ခါတိုင်း ဣန္ဒြေရလေ့ရှိသူဖြစ်ပေမည့် သူသေရမည့်နေရာကို ခရီးစထွက်ကတည်းက မြူးထူးလာခဲ့သည်လို့ အဆိုရှိသည်။ တစ်လမ်းလုံး ပျော်ရွှင်နောက်ပြောင်လာသည်ဆို၏။ ရေတံခွန်ရောက်တော့ ပျောက်ဆုံးသွားပြီး နှစ်ရက်မျှရှာမတွေ့တော့ချေ။ ထို့နောက် မျက်နှာပြင်ငြိမ်သက်သော ရေတံခွန်နှင့်မလှမ်းမကမ်းရှိ ရေချိုးအိုင်မှ ဆယ်တင်ရရှိသည်။

“မကောင်းတဲ့ ပုံပြင်ပဲ”ဟု အထွေးထင်သည်။ အထွေးသည် ရေတံခွန်နား၌သာ အကြာကြီးနေလိုက်ချင်သည်။ အကြာကြီးဆိုသည်မှာ နှစ်ရက် သုံးရက်ခန့်တည်း။ ဆာလောင်လျှင်လည်း ပူပင်စရာမရှိ။ ဆန်စားချင်လျှင်တောင် ဖြစ်သည်။ ကချင်ရွာသွားပြီး ဆေးလွယ်အိတ်ထဲမှ သန္တာစေ့များ ထုတ်ရောင်းမည်။ အခက်အခဲနှင့်တွေ့လျှင် ငွေမတ်စေ့များ ပြလိုက်ရုံပင်။။ ပြီးတော့ ကချင်ရွာ၌ ဆေးဆရာအဖြစ် နေထိုင်လို့ဖြစ်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် ဂဏာမငြိမ် ဖြစ်လာလေ၏။ ထပြီး ရောက်တတ်ရာရာကို လျှောက်သွားချင်ပြန်၏။ စိတ်သည် ဆန်း ကြယ်သောအတွေးများဖြင့် ပြည့်နှက်၏။ ထို့ကြောင့် ထပြီးလာ ပြန်၏။ နေ့နှင့်ညမသိဘဲလျှောက်ပြန်၏။ အင်မတန် ကျွမ်းကျင် ခဲ့ဖူးသော နေရာများသို့ ရောက်ပြန်၏။ အသေးစိတ်၍ ဘာမှ မတွေးတတ်တော့ချေ။ အရင်က အကြောင်းများကိုလည်း သတိ မရချေ။ ပြီးလျှင် သစ်ရိပ်ကိုရှာ၍ ခဏနား၏။ ထို့နောက် ထသွားပြန်သည်။ ကျွမ်းကျင်ခဲ့ဖူးသော နေရာများကို မမှတ်မိဘဲ နေချင်နေ၏။ မရောက်ဖူးသော နေရာများ၌ နေထိုင်လို့ကောင်း ချင်ကောင်းနေပြန်၏။

ရက်ပေါင်း ဘယ်လောက်ကုန်သည်ဆိုတာကို မသိ တတ်တော့ချေ။ စိတ်ထဲမှာ ခဏလေးပင် ရှိသည်လို့ ထင်၏။ အကြောင်းကား မေ့လွယ်လေပြီ။ ဘာကိုမှ မှတ်မိတွေးတောခြင်း လည်း မရှိချေ။

လဝန်းကြည်လင်သောတစ်ညခါ၌မူကား သစ်ရွက် မိုးကာသော တောအလယ်၌ တစ်ယောက်တည်း မီးဖိုကာနေ သည်။ ထိုခဏ၌ ဘဝဘဝက အရိပ်များဝိုင်းရံလာတယ်လို့ ထင်၏။ သစ်ပင်များက တီးတိုးစကားကျိတ်၍ ပြောကြသည် ထင်၏။ ကိုယ့်အကြောင်း မကောင်းပြောကြသည်ဟု အထွေး ထင်၏။ ဝါးတစ်ပင်ကို ခုတ်လိုက်လျှင် သွေးထွက်လာမည်လို့ ထင်၏။ သစ်ရွက်များကို စုပုံ၍ထပ်ကာ ကိုယ်ကို ကွေး၍ တိုးဝင်ထွေးနွေးရင်း အထွေးသည် မျက်ရည်ပေါက်ကြီးငယ် ကျလေ၏။ ထို့နောက် မချုပ်တည်းတတ်တော့ဘဲ ရှိုက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တငင် ငိုလေ၏။ သစ်ပင်တွေအားလုံးကတော့ ကြားကြမှာပဲ၊ အိပ်ပျော်နေသည့် ငှက်အပေါင်းတို့က လန့်နိုးပြီး အံ့သြမှာပဲ။ မြေပြင်ပေါ်ရှိ ပိုးမွှားတို့သည် တရွရွလှုပ်ရှားကြသည်ကို မြင်သည်။ အထွေးသည် မျက်စိစုံမှိတ်ကာ လက်ဝါးများကို ကားဖြန့်လျက် တုတ်ပြည့်သော လက်ချောင်းကလေးများကို ဖြန့်ကြဲကာ ရုတ်ချည်းထထိုင်လေ၏။ ကိုယ့်ဆံကို ကိုယ်ဆွဲဆုပ်မိလေ၏။ ထို့နောက် အော်ဟစ်သောင်းကြမ်း၏။ အားရပါးရကို သောင်းကြမ်း၏။ ကြာရှည်ကြီးပင် မုဆိုးများ ရောက်ချင်ရောက်နေမည်ဖြစ်သော တောစပ်၌ အထွေးသည် တစ်ယောက်တည်း ဆူညံထကြွ၏။ တောရိုင်းတိရစ္ဆာန်များကို သတိရလာပြီး ဆင်နင်း၍ ခေါင်းပြားနေသော ဆီသည်သူဌေးရှိသည့် ရွာက ရှမ်းကြီးမျက်နှာကို မြင်ယောင်၏။ ငယ်ငယ်က ကြားဖူးသော ကျားသစ်ကုပ်သည့်ဒဏ်ရာ ပခုံးမှာဟက်ပက်နှင့်မသေခင်တစ်ညလုံး ညည်းညူအံကြိတ်သံကြီးကို ကြားလာပြန်၏။ ထို့ကြောင့်ပို၍ ခုန်ပေါက်လိုက်သေး၏။ မျက်ရည်များသည် မျက်နှာတစ်ခုလုံး၊ လည်ပင်းတစ်ခုလုံး ရင်ပတ်တစ်ခုလုံး ရွှဲစိုနေပြီး အေးလာမှ မောပန်းကျေနပ်ပြီး ငြိမ်ကျသွား၏။ ထို့နောက် သစ်ရွက်ပုံ၌ ပြန်ခွေအိပ်ပျော်လေသည်။ နိုးလာသော် နောက်တစ်နေ့ညနေစောင်းပင်။

တောစပ်သည် လျှို့ဝှက်သောအဓိပ္ပာယ်ဆောင်သည့် အရောင်စပ်များဖြင့် ခရမ်းညို့ကလေးနေလေသည်။ အားအတော်ပြည့်နေပြီ "အထွေး အထွေး"ဟု သူ့ကိုယ်သူ မောင်ခေါ်သလို ခေါ်ရှာသည်။ အထွေးကလေးသည် တောစပ်မှထွက်၍ လူနေသည့်အရပ်များသို့ သွားဦးမည် စိတ်ကူးသည်။ ဖက်ပိုက်ထားသော လွယ်အိတ်ကိုပခုံး၌ လွယ်လေ၏။ ပြီးလျှင် ရေရှာထွက်ပြန်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



လူ့ခြေရာများကို မြင်မိအောင် လူတို့နှင့်နီးလာလျှင် ကြည်စင်သော ရေစကိုတွေ့သည်။ ရုတ်တရက် ခုပ်ယူ၍ မသောက်သေးဘဲ အနောက်က လိုက်သွားလျှင် ကျယ်ပြန့်သော ချောင်းပြင်ကို တွေ့၏။ ဆက်၍လိုက်လျှင် နောက်ဆုံး၌ ဧရာဝတီမြစ်ရေကြည်၏ ချိုအေးသောအရသာကိုရမည်။ သို့သော် မသွားချင်ပေ။ ဧရာဝတီမြစ်ကို မကြည့်ချင်ဘူး။ သဲသောင်တွေ ထွန်းနေသည်ကို သတိမရချင်ဘူး။ နေကိုကြည့်လျှင် ဝင်တော့မည်လို နီရဲနေသောဘက်သည် အနောက်ဘက်ဖြစ်ရကား အဲသည်ဘက်ကို ကျောပေး၍ပြေးလျှင် ဝေးရာသို့ ပြန်ရောက်မည်မှာ သေချာသည်။

ထို့ကြောင့် အားလျားမှောက်ပြီး ချောင်းရေစပ်၌ လက်ထောက်၍ မျက်နှာကို နှစ်မည်ကြံလျှင် ကိုယ့်အရိပ်ကို တွေ့သဖြင့် ခဏကြည့်နေသေး၏။ ရုတ်တရက် မမှတ်မိချေ။ တစ်ခါတုန်းကရုပ်နှင့် သုံးလေးနှစ်မက ကွာခြားကြာဝေးခဲ့ပြီထင်၏။ မသိဘူး ဖြစ်နိုင်တာပဲ သုံးလေးနှစ်ပင် လျှောက်သွားနေခဲ့သည်လားမသိချေ။ ဘယ်သစ်ပင်ကို ဓါးနှင့်ထွင်း၍ မှတ်မထားမိခဲ့လေတော့ တစ်ခါက ပင်ပျိုကလေးသည် ယခုစည်ပင်ကြီးပြင်းလှပြီတကားရယ်လို့လည်း မသိမြင်ရမဆင်ခြင်ရ။ အရိပ်သည် သူ့ကို ပြန်၍မကြည့်ဘဲ စိတ်ဆိုးနေသလို အပြစ်တင်နေသလို ထင်ရ၏။ စိတ်အနည်းငယ် ညစ်လေ၏။ “သိပ်ပိန်တာပဲ၊ လည်ပင်းက အရှည်ကြီးပဲ။ ဆံပင်လည်း ထုံးလို့ဝင်ပြီထင်တယ်” စသည်ဖြင့်ကောင်းမွန်စွာ တွေးလေ၏။ ဝမ်းနည်းသလိုရင်ဖိုလာသေးသည်။ သို့သော် မျက်နှာထားမပျက်ပင်၊ တစ်ခေါင်းလုံး ရေထဲအကြာကြီး နှစ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခရီးသစ်စတင်၍ ထွက်လေ၏။ လူနေအိမ်ခြေများကို ဖြတ်၏။ လူတို့နှင့် စကားပြော၏။ ရှမ်းဗမာရွာများမှာ နားခို၏။ သဘော်သီးမှည့်မှည့်ကိုတွေ့လျှင် နေ့ဆိုလျှင် တောင်းစား၍ ညဆိုလျှင် ခိုးစား၏။

"မျှစ်ခူးသွားမယ်ဟေ့"ဟု မိန်းမပျိုများ စီညံသံကြားလျှင် အနောက်က မယောင်မလည်လိုက်ကာ တောထဲရောက်သွားပြန်သည်။

တစ်ခါတစ်ရံတော့လည်း လမ်း၌တွေ့သူ ဘယ်သူ့ကိုမဆို ဆီး၍တားပြီးဆေးရောင်းစားရအောင်ကြသည်။

နောက်ဆုံး၌တော့ အင်္ကျီသစ် လုံချည်သစ်ကလေးများပင် ငါးရက်တစ်ခါခင်းသော ဈေးမှဝယ်ပြီး ဝတ်သည်။ အနီရောင်ပွင့်ကလေးများပါသော ကုလားဖျင်ကို မျက်စိကျသည်။ ပြီးလျှင် စိတ်ကူးနှင့်မှန်းဆ၍ မောင့်မြို့နှင့်ဝေးသော အရှေ့ဘက်အောက်ပြည်ဘက်ကို စောင်းရွေရွေ လမ်းကြောင်းဖြင့် ထွက်သွားသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

[၁၀]

ဤသို့ လူ့ဘဝ၌ ရှုးခြင်း၊ သေခြင်း၊ ဆင်းရဲခြင်း ဆိုသည်များကို တစ်ပြိုင်နက်တည်း တွေ့ရလျှင်လည်း တွေ့ပစေဆိုပြီး မောင်နှင့် နေဖို့ရာတော့ ပြန်မလာသည့် အထွေးသည် အဝေးသို့ သွားပြန် သည်။ အထွေးက သည်လောက်ပင် ပြတ်စဲသည်။ အထွေးက စိတ်နာနေမည့်သူမဟုတ်။ စကားပြစ်တင်မည့်သူ မဟုတ်။ မောင့်အကြောင်း စိုးစဉ်မျှပင် စဉ်းစားမိသည်မဟုတ်။ ငယ်စဉ် အခါကလိုပင် တစ်ယောက်တည်းလှည့်ပတ်သွားလာ၍ အဖေဖြစ် သူ၏ တပည့်တပန်းများနှင့် ဆုံသည့်အခါဆုံ၍ ရောက်လိုရာကို ရောက်အောင် သွားခဲ့သည်။

လှည့်ပတ်မွေ့နှောက်နေခြင်းဖြင့်စ၍ ဒါကို မဆုံးနိုင် အောင်လုပ်မည်လို့ အထွေးကြံစည်သည်မှာ မောင့်ကို ပမာဏ မထားရာရောက်သေးသည်လို့ တစ်ခါမှ မတွေးဆမိလေသလား။ အထွေးကလေး၏ ပြီးစီးလွယ်သောစိတ်နှလုံး တစ်ခါမျှပွင့်လန်း ခြင်းကို အချစ်မေတ္တာလို့ အထွေးကခေါ်ချင်တော င် မောင်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်မည်လား။ အထွေးသည် ကိုယ်နှင့်တွေ့စက ယဉ်ကျေးသော အမူအရာကလေးများကို တမင်ပင်ဆောင်လေသလား။ ကြာရှည် မဆောင်နိုင်တော့ ပြေးရှာသည်လား။ အို အထွေးလို့ မောင်က သာ တမ်းတနိုင်သည်။

မောင်က အထွေး၏ အကြောင်းကို နားမထောင်ဘဲ မနေတတ်။ အထွေး ဘယ်ဆီသွားရှာသလဲဟု အမြဲမေးမြန်း လျက်ရှိ၏။ အထွေးပြန်လာလျှင် မနာအောင်နဖူးကိုထုပြီးမှ အပြစ်တင်စကားတွေတောင် ထိန်းချုပ်ထားပါမည်လေဟု တွေးသည်။ အထွေးကတော့ ပြန်လာမည်မဟုတ်ဟု တထစ်ချ သိသလိုလည်း ရှိပြန်၏။ အထွေးနှင့်ဆုံမည့် လူကြုံများရှိလျှင် "ပြန်ခဲ့ပါအထွေးရေ့၊ မောင် စောင့်နေဆဲပါပဲ။ သစ္စာရှိဆဲပါပဲ" ရယ်လို့ စကားလက်ဆောင်တွေ ပါးလိုက်ချင်သေး၏။ တိမ်တွေ မရေမရာ လွင့်သည်ကိုမြင်လျှင် အထွေးကို မရှာတတ်ကြလို့ အထွေးနောက် မလိုက်တတ်ကြလို့ပဲဟု ထင်၏။ ထို့နောက် မျက်ရည်များ ရစ်ဝဲ့ကာနေသည်။

အထွေးဘယ်ရောက်နေပြီရယ်လို့ တစ်စုံတစ်ယောက် က မြင်တွေ့လာသလို သတင်းကြားရလျှင် မေမေတို့ စိတ်မချမ်း သာသည့်ကြားက အတင်းလိုက်လံပြီး နားထောင်မေးမြန်းရသေး ၏။ ပြန်လည်မလာသော အထွေး၏ သတင်းနောက်သို့ရောက် အောင် သွားရ၏။

နေကောင်းစမို့ စားစရာကောင်းကောင်း စားရလျှင် တော့ ဆင်းရဲညှိုးငယ်ရှာမည့် အထွေးကို ကျွေးချင်ပြီး ကိုယ့် မှာ မျိုလို့ မကျချေပါအထွေး။ အထွေးကတော့ ယခုလို အသေး



www.burmeseclassic.com

www.burmeseclassic.com



အမှုန်ကလေးတွေကို နားလည်ချင်မှတောင်လည်မည့် ရွာသူ့ သမီးလို တောသူ့သမီးလို ဆေးလွယ်အိတ်တစ်လုံးနှင့် လေလွင့် ချင်စိတ် ရှိနိုင်ပေသေး၏။

နောက်ဆုံး သိလိုက်ရသည်မှာတော့ အထွေးသည် ရှမ်းပြည်နယ်ဘက် ရောက်နေပြန်ပြီဆိုသည်ကိုပင်။ အထွေး ဘယ်လိုရောက်သွားသည်ဆိုတာတော့ ထိုအခါက မောင် မစဉ်းစားမိချေ။

စင်စစ်တော့ အထွေးသည် ခါတိုင်းလိုပင် ကြွသလို လေလွင့်ထွက်ခွာသောနည်းဖြင့် ရှမ်းပြည်နယ်ကို ရောက်ခြင်းဖြစ် လေ၏။ ရှမ်းပြည်နယ်က လက်ဖက်ခြောက်များ တင်လာသည့် ကုန်သည်များနှင့် အထွေးစကား ပြောမိလေ၏။ ကားမောင်း သမားများက အထွေးကို ပေးကျွေး၍ ရောထွေးသည်တဲ့လေ၊ ကောင်းနိုင်တော့မည် မဟုတ်သော အထွေးသည် ရှမ်းပြည်နယ် သို့ ပြန်သောကားများနှင့် တောင်ကိုဖောက်ထွင်းထားသည့် ကျဉ်းမြောင်းသော အန္တရာယ်များသောလမ်းဖြင့် မကြာခင် သေ ဆုံးရတော့မည့်အရပ်သို့ သွားလေသည်။

အထွေးအလိုအတိုင်းပင် တစ်ခါက ခေါင်းလျှော်ခဲ့ ဖူးသော ဧရာဝတီမြစ်မှ ဝေးရာသို့ရောက်၏။ အထွေးက အိုး ထဲရှိရေများ သကာရည်လို ညောင်စီးကျအောင် ခဲပြစ်တတ်သော ရှမ်းပြည်နယ်၏ ဆောင်းကြမ်းကို ပို၍တွေ့ချင်သေး၏။ မောင် နှင့် မျက်နှာချင်းမဆုံလိုချေပေါ့။ အထွေးသည် ဘာမှမကြောက် တော့ချေ။ ထို့ကြောင့် လွယ်အိတ်တစ်လုံးလွယ်ကာ ခြေထောက် ဖြင့် လျှော်ခတ်သော ရှမ်းလှေကိုစီးကာ ချမ်းမြသော ရေခရီးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဒိုးလိုနှောက်နိုင်ပြန်သေး၏။ အထွေး၏မိခင့်စကားကိုလည်း ကောင်းစွာပြောလျက်ရှိသည်လေ။ အထွေးသည် မြေကြီးတစ်နေရာ၌ အထွေးကို ချစ်သည့်သူ တစ်ယောက်တစ်လေရှိသည်ဆိုတာကို အမှတ်မရတော့ချေ။ ထိုသူတစ်ယောက်သည် အထွေးကို မဆုံးနိုင်အောင် တမ်းတနေလိမ့်မည်ဆိုတာကို မကြားစဖူးရှိချင်တောင်ရှိမည်။ အထွေးက ဘယ်လိုဖြစ်ဖြစ် နေတတ်သည်။ နေလေ့ရှိသည်။ စင်စစ် သည်လိုနေရမှ ပိုပြီး သဘာဝညီသည်လို့ မောင်ကတော့ ယုံကြည်လျက်ရှိသည်ဆိုလျှင် အထွေးက... အထွေးက စိတ်ဆိုးလေ့လည်း မရှိပါချေ။

မှုန်ပြမြဲသော ရာသီမှာ အထွေးသည် မြို့နှင့်မနီးသော ရွာနီးချုပ်စပ်၌သာ မေ့လျော့ခြင်းဖြင့် သံသရာကျင်လည်ဆဲ... အထွေး၏ ဆောင်မြဲသော ရှမ်းလွယ်အိတ်မည်းကို ကိုင်မိလေသည်။ အထွေး၏ ထင်ရှားကျော်ဇောခြင်းကို လျှောက်ပတ်စွာခံယူသည့် ဆေးလွယ်အိတ်မည်းသည် ယခုတော့ ဆေးကျွတ်ဟောင်းမြင်းလှုပြီဖြစ်၏။ ချုပ်ရိုးများ လျော့ပြေပြီဖြစ်၏။ တစ်နေရာနှစ်နေရာ၌ ပေါက်ပြဲပြီပင်။ ဆေးထုပ်များ၊ ဆေးပုလင်းများ ကျကျန်ရစ်မလားရယ်လို့ ယခုတလော တပူတပင်နေရသေး၏။ ပုခုံး၌ လွယ်ရသည့် နေရာ၌လည်း အနားဖွာ၍ နုတ်ခမ်းပြတ်လေပြီ။ အထွေး၏ လွယ်အိတ်မည်းကို စွန့်ပစ်တန်လေပြီ။

သို့သော် ဘယ်တော့မှ စွန့်ပစ်ဖို့ရာ စိတ်ကူးသူမဟုတ်သည့် အထွေးက ပို၍ပင် ယုယမြတ်နိုးခြင်းနှင့် ကိုင်မိသည်မှာ အထွေးလိုပင် လမ်းပေါ်နေသည့် ဦးနှောက်ပျက်သူနှင့် တွေ့သော



www.burmeseclassic.com

www.burmeseclassic.com



အခါတည်း။ ဘယ်တော့မှ မအံ့သြတော့။ သူကတော့ ယခုအခါမှာ အထွေးစွန့်ပစ်ခဲ့သူ၊ တမ်းတခြင်းဖြင့် သံသရာကျင်လည်သူ ကိုယ်ပင်ဖြစ်သည်။ အထွေး၏ တင်ပြချက်ဖြင့် အထွေး၏ ထုံပေစွာနေသော အတတ်ကို တတ်ပြီထင်သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



[၁၁]

ကိုယ်ကတော့ အထွေးအပေါ် မိုးသီး၊ မိုးပေါက်လို သွန်းဖျန်းသော်လည်း အထွေးမှာ မစိုစွတ်သည့် ကိုယ်၏ ချစ်ခြင်းမေတ္တာအကြောင်းကိုပင် စဉ်းစားအံ့သြကာ တစ်ဘဝကုန် ဆုံးမည်ထင်သည်။ တစ်ခါတစ်ရံတော့ ဘာမှမပြောဘဲ အ,အ လိုသာ နေလိုက်ချင်သည်အထွေး။ အထွေးက ထားပစ်ခဲ့သည့်အတိုင်း မေ့ပျောက်၍ ကျန်ရစ်ချင်သည်။ သို့သော် အထွေးအတွက်တော့ ငိုညည်းချင်သည့်အခါမှာ ငိုညည်းခွင့်ပေးပါချေ အထွေး။ အထွေးက မောင်မရှာမဖွေနေရက်သည် အပြစ်တင်ပြန်လည်း တင်ဦးမည်မို့ စိတ်ဆိုးသူက ခွင့်မပြုဘဲတော့ မနေစေချင်။ မောင်ချစ်သည့်သူကို မောင် တမ်းတပါရစေ။

ပြီးတော့ သေဆုံးသွားသူမို့လည်း မောင်က ခွင့်ထပ်၍ တောင်းနေမည်။ အထွေး၏ လှုပ်ရှားသွားလာမှုကို ဘယ်တော့မှ ဘယ်သူမှ မမြင်ရတော့မည့် အချိန်မှာတောင် မောင်အပြစ်မြင်မိသည်မှာ မတော်လှသော်လည်း အခုလို မဖွယ်မရာအဆုံးသတ်ရခြင်းမှာတော့ အထွေးစိတ်လေမှုတွေ အများကြီးပါတယ်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အထွေးက ဘာကြောင့် မောင့်အနားမနေနိုင်ရှာသလဲ။

သြော် အထွေးသည် မသေခင် နောက်ဆုံးအခါမှာ မကြားစဖူး အရူးကိုဆေးကု၍ အရူးနှင့်အတူနေသည်ဆိုတာ ကြားရချက်မှာ လူ့ပြည်၌ နေချင်စရာမရှိ။ အထွေးမောင့်ကို ထားခဲ့ပြီ။ မောင့်ဆီပြန်မလာဘဲ။ မဟုတ် သည်လိုမှ လိုက်လံ ရှာဖွေ၍ ရှမ်းပြည်နယ်အရောက်သွားကာ လုပ်နိုင်သည်ကိုသာ အံ့အားသင့်စရာဖြစ်သည်ပင် မောင်တကယ်သိသည့်အထွေး စင်စစ်တော့ လင်ယောကျ်ားကို မအေလိုလုပ်ကျွေးတတ်သည့် အထွေးကို နှလုံးသွေး မစင်ကြယ်သူ၊ ဦးနှောက် မကြည်လင် သူလို့ လူတကာထင်ရသည်။ ပြောကြသည်။

မောင်ကတော့ မောင်နမ်းခဲ့သည့် လက်မောင်းအိုး ကလေးများကို ညစ်ပေရန့်ကြမ်းသည့် အရူးပါးစပ်နှင့် ကိုက်ခဲ ဟန်၊ ဖြူနုသည့်လည်တိုင်ကလေးကိုလည်း ချစ်သူ့ပါးပြင်နှင့် ထွေးအပ်စရာသာ မဟုတ်တော့ဘဲ သွေးကြောတွန့်ကောက် လိမ် ထောင်သည့် အရူးလက်နှင့် ဆုပ်ကိုင်ဟန်များကို မြင်ယောင်လျှင် အမယ်လေး တ ပြီးဟီးချ၍ ငိုသည်လေ၊ အမြင့်က တိမ်တိုက် တွေ ပြိုဆင်းလာပြီး ကူညီလို့ ပျော်ကျပေးသော်လည်း မောင်ငို ကြွေးလို့ ဝမည်မထင်၊ ရူးသွပ်ခုန်ပေါက်လိုက်လျှင်လည်း စိတ် ထင်ရာ ပေါက်အောင်ကြမ်းတမ်းလို့ရမည်မထင်။

အထွေးရေ့ အထွေးရေ့ မိုက်မှားနိုင်ပေရဲ့၊ စွန့်စား နိုင်ပေရဲ့။ စိတ်ထင်ရာလုပ်ရလျှင် ကျေနပ်သူမို့ မောင့်ထံ ပြန် မလာသည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အလောင်းတောင်ရှာလို့ မတွေ့နိုင်ပြီဆိုတာပဲ ကောင်းသည်။ အထွေးရဲ့ နောက်ဆုံးဒုက္ခကို မသိလိုက်ရတာပဲ ကောင်းပါသည်။ အထွေးက သေခါနီးတစ်ချက်မှာ မောင့်အတွက် ယောင်ယမ်းသံကလေးများ ပေါ်ပါလေရဲ့လားလို့လည်း မေးရမည့်သူ ပြောပြမည့်သူမရှိ။ အထွေးကလေးသည် တုတ်နှင့်ခေါင်းကို ရိုက်သော်လည်း လွန့်ရုံသာ လွန့်တတ်၍ ပါးစပ်က အသံမထွက်သော ဈေးကဟင်းလျာစာ ငါးခူ၊ ငါးရံ့များလို ဘာမှ မလုပ်တတ်ဘဲ ငုံ့စုံ့ပစ်ခံသွားရရှာလေသလား။ မောင့်အထွေး၏ နှုတ်ခမ်း၊ လက်သည်းများ မိနစ်မကူးခင် ပြာရှာမည်။ အထွေး၏ နှလုံးသွေးလည်း ရုတ်ချဉ်းပင် ကုန်သည်ထင်သည်။ အထွေးရေ့ ရှုးမည့်သူကတော့ မောင်ပါတစ်ဦးရယ်လို့ သံသယ မရှိကြသူများကို ဆဲရေးဟစ်အော်လိုက်ချသည်။

ညကပင် အထွေးကို အိပ်မက် မက်သေးသည်။ သေဆုံးပြီးမှ မောင့်ဆီလာချင်သည့် စိတ်အလျင်လေလား။ မနက်ကလည်း အလိုအလျှောက်သိနှင့်သလို မိန်းမလိုငိုသေး၏။ အထွေးကတော့ ထိုအချိန်မှာ မောင်မကြားရက်သော အထွေး၏ရန်သူတို့ပင် ဝမ်းမသာဝံ့သော ကြမ်းတမ်းသည့်နည်းနှင့် သေဆုံးချုပ်ငြိမ်းပြီ။ အထွေးကလေးလေ ဘယ်ကိုမှ မပျံပါလေနှင့်။ သံသရာမှာ မလည်ပါလေနှင့်။ ဘုရားရှင့်လက်မှာ ငရဲမီးတမှုန့်ချေလို့ ပျောက်ခဲ့သလို အထွေး၏ စိတ်အလျင်ကလေးလည်း ရုပ်နှင့်အတူ ပျောက်စေချင်သည်။ အထွေးဘာကိုမှ မတွယ်ဘဲနေလျှင် ပျောက်ပါလေရဲ့ အထွေး။ သည်းခံလို့သာ လေမှာ ဝဲနေစေချင်သည်။ အထွေးကလေးသည် မောင့်ထံသို့လည်း မလာနှင့်။ ဘာကိုမှလည်း မတွယ်နှင့်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် တောအလယ်မှာ ကုန်ဆုံးခဲ့သည့် မောင်တို့နှစ်ဦးပိုင် ပျော်စရာ ညများမှာတော့ အထွေးက အလန့်တကြားထ၍ မောင့်ကို စမ်းတတ်တာ။ ပျောက်သွားမှာကို ကြောက်တာကို သတိရတော့ အထွေးကလေးသည် မောင့်အနား သိပ်မနီးတောင် မမှီမကမ်းဆီမှာဖြစ်ဖြစ် တရစ်ဝဲဝဲလည်ရှာမည်လို့ နှလုံးက ပူပန်သည်။ အထွေးကို ဘယ်လိုချော့သော်လည်း အထွေး မကျေနပ်နိုင်ပုံတွေ။ အထွေးတယုသန်မိလျှင် မောင်ရှင်းလင်းပြလို့ မရနိုင်ပုံတွေ။ ချစ်သူကို မယုံရလျှင် သတ်ချင်ဖြတ်ချင်သောစိတ်အမူအရာတွေကို မောင်သတိရလျှင်တော့ အထွေးကလေးသည် လူသားကို ချစ်မိသည့် ကျားသစ်မ၊ ခြင်္သေ့မလို ကိုယ့်ကို အန္တရာယ်မပြုသည်ကိုပင် အံ့သြချေသေး၏။

သို့သော်လည်း အထွေးသေရမည့်အရပ်သို့ အလျင်တဆော သွားသူအထွေးသည် လူ့ဘဝ၌ မွေးဖွားလာခြင်းနှင့် သေဆုံးသွားခြင်းတို့၏ ကြောက်စရာကောင်းပုံကိုသာမက၊ အသက်ရှင်နေထိုင်ခြင်း၏ အဓိပ္ပာယ် ဟင်းလင်းကင်းပုံကိုပါ ပြသည့် လူသားသာကေကလေး ဖြစ်ရသည်ကို မောင်က သည်အတိုင်း ငိုညည်းကာသာ ကြည့်နေလိုက်ရသည့်အဖြစ်မှာတော့ သေခြင်း၊ ရှင်ခြင်း၊ နေထိုင်ခြင်းတို့၏ ဒုက္ခအထွေထွေထက် ထွေပြားနစ်နာလှသည် ထင်သည်။

မောင်နှင့်တွေ့လျက်နှင့် မြေကြီးလို သည်းညည်းခံတတ်သည့်၊ အချစ်နှင့်တွေ့လျက်နှင့် အေးကွက်မပေါ်နိုင်သည့် ကံမလှသူ အထွေး။ နဂိုနေပင် လေလွင့်ပြန်ရသူအထွေး။ မောင်နှင့်တွေ့ကာမှ ပိုလို့ပင် ဖြစ်ပျက်ပုံဆိုးလေသလားလို့ တွေး



www.burmeseclassic.com

www.burmeseclassic.com



မှာကာ တရားမရနိုင်ဖြစ်လျှင်တော့ အထွေးကလေး၏ အေးဆေးသော ပြောခဲ့သံကို ကြံဖန်ကျေးဇူးတင်ကာ စိတ်ပြေလည်ရသည်လေ၊ ဟုတ်ပါလေရဲ့။ အထွေး သည်လမ်း မလိုက်ခဲ့လို့ ဟိုလမ်းသွားပြန်လျှင် သည်လိုမဖြစ်ဘဲ ဟိုလိုဖြစ်မည်တည်း။ မောင်နှင့်မတွေ့ချင်လို့ ပြေးရှာတော့ အရှုံးနှင့် ကြုံကြိုက်နေထိုင်ရသည်။ သေချင်းဆိုးမ တကယ်ပင် ဖြစ်ရသည်တဲ့။ ဧရာဝတီမြစ်ရေဦှနှစ်၍ မသေနိုင်သူမို့ အရှုံးကု ဆရာမကလေးက ရှမ်းဆေးလွယ်အိတ် ပခုံးက မချက်ရက်ဘဲရှိဆဲမှာ အထွေးကုလို့ ရောဂါမပျောက်တတ်သေးသည့် အရှုံးကစားနှင့် ထိုးလို့သေသည်တဲ့ အထွေးရေ့၊ အထွေးအလောင်းက မျိုမချနိုင်တော့သည့် သွေးတစ်ပွက်နှစ်ပွက် နှုတ်ခမ်းမှာ ပေလျက်ရှိသည်ကို မောင်မမြင်ပါစေနှင့်။ မလာနိုင်သည်ကို ခွင့်တစ်ဖန်လွှတ်ပါဦး အထွေးရေ့။

ထိုခဏ၌ မောင် မသိမသာ ကြားလိုက်ရသေးသည်မှာ အထွေးသေဆုံးသည်မှာ ကြာလေပြီတဲ့။ မနေ့က သေသည်မဟုတ်။ မနေ့က သတင်းကြားခြင်းဖြစ်သည်တဲ့။ မောင့်အထွေးကတော့ ဆွေးမြေ့ပြီတဲ့။

သည်တော့ ကြာလေပြီဆိုတော့ ငိုရမည်မဟုတ်တော့ချေပေါ့။ ဆွေးမြေ့ပြီးဖြစ်သူကို ကောင်းသတင်းသာဆို၍ တမ်းတရုံဖြစ်သည်ပေါ့။ မရေရာခြင်း သက်သက်သာ ဖြစ်ရှာသည့် အထွေး။ ဘဝတစ်ဝက်တစ်ပျက်မှာ ရတ်ချည်းပျောက်ကွယ်သည့် အထွေး။ အထွေး၏ စိတ်အလျင်သာ မပျောက်ပျက်တတ်လို့ ကျန်ချေသည်ဆိုလျှင် အုံမှိုင်းတွေဝေ၍ မြူသာထွေသော သည်အရပ်မှာ မနေနှင့်။ အဝေးသို့ ပျံပါချေ။ တွယ်ငြိချင်လျှင်



www.burmeseclassic.com

www.burmeseclassic.com



နာကျင်တတ်သော ရုပ်ကို မရှာလေနှင့်၊ အာရုံကို နားမလည်သည့် စိမ်းမြသောအကြောရှိသည့် သစ်ပင်ပန်းရွက်၌သာ နားခိုပါချေ။ သည်တော့မှ မောင့်လို ချစ်သူနှင့် မတွေ့ကြုံ၊ ဓားနှင့်ထိုးသတ်တတ်သူ ရန်သူနှင့်လည်း မဆုံရချေဘူး။ ညှိုးလျော်ပျောက်ကွယ်သွားပြန်လည်း တမ်းတမည့်သူ မကျန်ရစ်ချေဘူး။ အဝေးသို့သာ ပျံလေ အထွေး...။

❖ ❖ ❖

ကြည်အေး



www.burmeseclassic.com

www.burmeseclassic.com

## တမ်းတမိသည်

### အထောက်တော်လှအောင်၏ ခံစားမှုဆောင်းပါး

အိမ်လာလည်သည့် မိတ်ဆွေတစ်ယောက်၏ လက်ထဲမှာ ကြည်အေးရေးသော 'တမ်းတတတ်သည်'စာအုပ်ပါးကလေးကို မျှော်လင့်မထားပါဘဲ ပြိုးခနဲပြက်ခနဲ မြင်တွေ့လိုက်ရလေသည်။

ထို့ကြောင့် ထိုစာအုပ်ပါးကလေးကို လွမ်းမောတမ်းတစွာ ငေးကြည့်မိသည်။ ကြည့်နေရင်းမှာပင် လျှင်ငယ်တစ်ခု ရင်ထဲမှာ ဖြတ်သန်းလှုပ်ခါသွားသလို ခံစားလိုက်ရပါ၏။

ခဏကြာတော့မှ ကိုယ့်အသက်ကိုယ် ပြန်ရေတွက်ကြည့်မိကာ မျက်နှာပူသလိုလို ဖြစ်သွားမိသည်။ သို့သော် ရင်ထဲမှ လျှင်ငယ်ကမူ ကာယကံရှင်၏ အသက်အတိုင်းအတာကို အာခံပြီး ဆင့်ကာဆင့်ကာ လှုပ်ရှားယမ်းခါနေဆဲပါကလား။

ထိုနေ့ညက အတိတ်ကို ပြန်ပြောင်းစဉ်းစားကြည့်မိသည်။

၁၉၆၁ ခုနှစ်၊ ဇန်နဝါရီလဆိုတော့ နှစ်ပရိစ္ဆေဒပေါင်းများစွာ ကြာညောင်းခဲ့ချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ပိုင်နက်မြေပေါ် ကျူးကျော်ဝင်ရောက်နေသည့် တရုတ်ဖြူများကို အပြီးသတ် ချေမှုန်းမောင်းထုတ်ပစ်လိုက်သော 'မဲခေါင်စစ်ဆင်ရေးကြီး' ဆင်နွှဲနေသည့်ကာလ။

စစ်ဆင်ရေးသတင်းများရယူရန် ရှေ့တန်းစစ်မျက်နှာသို့ ကျွန်တော်ခရီးထွက်ခဲ့သည်။ ရွှေညောင်သို့ ရထားဖြင့် ဟဲဟိုးမှတစ်ဆင့် ကျိုင်းတုံသို့ လေယာဉ်ဖြင့် ကျိုင်းတုံမှတစ်ဆင့် ရှေ့တန်းစစ်မျက်နှာများသို့ တပ်မတော်၏အစီအစဉ်ဖြင့်။

မနက်ဘက် သာစည်မှရထားထွက်တော့ ဘေးတစ်ဖက်တစ်ချက်ရှိ သိပ်သည်းသော နှင်းထုထဲမှ ကန္တာရလွင်တီးခေါင်များသည် ငိုက်မျဉ်းငြိမ်ငွေ့ဖွယ်ပင်။ ဟို အဝေးဆီသို့လည်း သဲကွဲစွာ လှမ်းမမြင်ရ။

ပါလာသည့် စာအုပ်အနည်းငယ်ကို ထုတ်ကြည့်သည်။ စာအုပ်ပါးကလေးတစ်အုပ်ကို ထူးခြားစွာ အာရုံစိုက်မိသည်။

ထိုနှစ် ထိုလထုတ်ကြည်အေး၏'တမ်းတတတ်သည်'။

'ညကမူ အထွေးကို အိပ်မက်မက်သည်။ ညကအေးလည်းအေးသည်။ နှင်းများဝေကာ ပြာမှောင်သည်။ တစ်လံအကွာက ဘာကိုမျှ မမြင်ရ'ဟူ၍ ကြည်အေးက 'တမ်းတတတ်သည်'ကို စဖွင့်လိုက်သည့် အချိန်မှာပင် ကျွန်တော်စီးခဲ့သည့် ရှမ်းရထားသည် လိုင်းတက်ဘူတာကို စတင်ဝင်ရောက်လေပြီ။ ဈေးသည်တို့ အော်သံမှတစ်ပါး နှင်းတောထဲမှာ ဘာမျှ သဲကွဲစွာ မမြင်ရပါ။

ယင်းမာပင် ဘူတာကိုကျော်တော့ အအေးဓာတ်သည် ပို၍ ထုထဲစပြုလာသည်။ ရှမ်းရိုးမ၏ ဟေမဝန္တဆောင်းသည် ရှေ့ကနေ၍ ကျွန်တော့်ကို ဆိုပိတ်ကာဆီးထားချေပြီကော။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကမူ ပတ်ဝန်းကျင်ကို သတိရတစ်ချက်။ မရတစ်ချက်၊ ကြည်အေးခေါ်ရာနောက်သို့ တမ်းတမ်းတတဖြင့် ရင်မောစွာ၊ ပြီးတော့ ကြည်ဖြူရောင့်ရဲစွာ၊ နောက်ပြီးတော့ မွတ်သိပ်တိမ်းမူးစွာ လိုက်ပါနေမိသည်။

ရှင်ဘုရင့်သားတော်နှင့် ရှမ်းမကမွေးသော ထိပ်တင်မထွေးသည် ဂန္ဓမာပန်းများပွင့်ရာ၊ တောင်တန်းများဝန်းရံရာ ဧရာမြစ်ကြီး တို့ထိနှုတ်ဆက်ကာ ပွတ်သပ်စီးဆင်းသွားရာ အပါတို့ မြို့ကလေးသို့ ရောက်လာသည်။

“အထွေးရောက်သည့်နေ့မို့ ထင်ရဲ့။ သောင်ပြင်ကသဲများ ထပြီးပျံအောင် လေက ဗုန်းဗုန်းဒိုင်းဒိုင်း တိုက်သည်”

ဆံပင်က ယောက်ျားဘိုကေတမျှ ငွေမတ်စေ့ ကြယ်သီးများတပ်ထားသော ဖျင်မည်းရင်ဖုံးအင်္ကျီ။ ဟောင်းနွမ်းပျော့ဖတ်သော အနီနှင့်အစိမ်းကြိုးကြီးချိတ် ထဘီတိုတို။ ငွေခွက်နှင့် ဝံစွယ်ဆွဲကြိုး။ ဘယ်တော့မှ ပခုံးကမချသည့် ရှမ်းလွယ်အိတ်အမည်း။

ရဲတင်းဖြိုးဖျက်သော မျက်လုံးအကြည့်။ ခပ်တောင့်တောင့် ထိုင်တတ်ပုံ။ လမ်းလျှောက်ဟန်မှာ နွဲ့ပျောင်းခြင်းမရှိလှဘဲ တောင်တက်သောကချင်တို့လို ဖျတ်လတ်ပေါ့ပါးလှသည့်အမူအရာ။

အပါတို့မြို့ကလေးသို့ ထိပ်တင်မထွေးတစ်ယောက်တည်း ရောက်လာသည်။ သူ့နောက်ကို စုံထောက်တစ်ယောက်အမြဲလိုက်နေရသည်။ ဘုရင့်သားဖြစ်သော သူ့အဖေက ဓားပြမွေးသည်။



www.burmeseclassic.com

www.burmeseclassic.com



(ဝတ္ထုဇာတ်လမ်းမှာ ၁၉၃၀–၄၀ တွင်းလောက်ဖြစ်ရာ တိုင်းရင်းသားတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုအပေါ် ကိုလိုနီ အစိုးရ၏ ထိုးနှက်ချက်ဟု မှတ်ယူရပါသည်။ စာရေးသူ)

ဆင်းရဲနွမ်းပါးသော်လည်း မှုုမတ်မျိုးဆိုပြီး မြို့ခံ လူများနှင့် တည့်အောင်မပေါင်းတတ်သော ဒေါ်မြမင်းတို့အိမ် မှာ ထိပ်တင်မထွေးက တည်းသည်။ အိမ်ရှင်များက သူ့ကို ‘မမလေး’ဟု ခေါ်ကြသည်။

ပခုံးကမချသော သူ့ရှမ်းလွယ်အိတ်အမည်းထဲမှာ အောက်လမ်းဆေးတွေ ပါသလိုလို စကားတင်းဆိုကြလေသည်။ ရွာသူလိုလို၊ စုံးလိုလို စွပ်စွဲကြသည်။

သည်လိုဖြင့်ပင် ထိပ်တင်မထွေးသည် ဂန္ဓမာပန်းတွေ လှိုင်ပေါသော အပါတို့၏ တောင်ကြားမြေပြန့်မြို့ကလေးမှာ နာမည်အပျက်ကြီး ပျက်ရရှာလေတော့သည်။

သည်ကြားထဲမှာပင် ‘သူ့အကြောင်း မကောင်းပြော ရကောင်းလား’ဆိုကာ နံနက်စောစော တုတ်ကောက်ကိုင် လမ်း လျှောက်လေ့ရှိသူ ယောက်ျားကြီးနှစ်ယောက်ကို ကြာပွတ်နှင့် ရိုက်ပြီး နှောင်ကြဉ်အောင် ဆုံးမလိုက်သေးသည်။

ထိုသို့သော ထိပ်တင်မထွေးနှင့် မြို့ခံ ၁၉နှစ်သား ကလေး အပါတို့ တမ်းတဆွတ်ကြင် မေတ္တာသက်ဝင်ကြလေ သည်။

ထိပ်တင်မထွေး၏ အသက်ကို စာရေးဆရာမ ကြည်အေးက ဖော်ပြမထားပါ။ အပါ့ထက်ကြီးသည်ဟုသာ ရေးသည်။ ထို့ကြောင့် ၁၉ နှစ်ထက်မငယ်ဘဲ သားသမီးရတနာ



www.burmeseclassic.com

www.burmeseclassic.com



ထွန်းကားနိုင်သေးသည့် အသက်အပိုင်းအခြားအတွင်း တစ်ခုခုပဲ ဟုသာ နားလည်ခံစားရပါသည်။

ဂန္ဓမာန့်ထုံသော မြို့ကလေးမှာ နာမည်ပျက်ချင်းတိုင်း ပျက်နေသည့် ထိပ်တင်မထွေးနှင့် အပါတို့ မေတ္တာသက်ဝင်ကြလေသောအခါ အပါ၏ အမေနှင့်အစ်မတို့သည် 'အထွေး၏ဆေးမိပြီ'ဆိုကာ ခေါင်းချင်းရိုက်၍ငိုလိုက်၊ ဘေးချင်းတိုက်၍ ဘုရားရှိခိုးလိုက် ဖြစ်ကုန်ကြသည်။

သည်ကိစ္စနှင့်ပတ်သက်ပြီး ထိပ်တင်မထွေး ဘာပြောလေမလဲ။

"မောင်နဲ့ ကျွန်မတို့ချစ်တာနဲ့ သူတစ်ပါး ငိုကြတယ်ဆိုတာ နားမလည်နိုင်ပါတော်"တဲ့။

တစ်ဖက်ကလည်း ထိပ်တင်မထွေးကို အာဏာပိုင်များက ၂၄ နာရီအတွင်း နယ်နှင်တော့မည်။ ထိုခေတ်က အပါတို့မြို့သည် နယ်ခြားဥပဒေသက်ရောက်ရာ မြို့ကလေးဖြစ်လေ၏။

ထို့ကြောင့် အပါက။

'အထွေးနဲ့ နေချင်တယ်။ ဘယ်သူမှ ကြားကမဝင်စေချင်ဘူး။ အတူနေချင်တယ်။ အထွေးကကော မောင်နဲ့နေချင်ရဲ့လား'ဟု မေးသည်တွင်။

'နေချင်သားပဲ မောင်၊ ကျွန်မတို့ထွက်ပြေးမှပဲ ဖြစ်မယ်ထင်တယ်။ ကျွန်မလည်း မောင်နဲ့အတူ နေချင်တယ်ရှင်'ဟု ပြန်ပြောသည်။

၁၉ နှစ်သားကလေး အပါသည် အထွေးကို ချစ်တာပဲ သိသည်။ အထွေးနှင့် အတူနေချင်တာပဲ သိသည်။ ဘာအတွေ့အကြုံမျှမရှိ။ လုပ်တတ်ကိုင်တတ်တာ ဘာတစ်ခုမျှ မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ထိပ်တင်မထွေးက။

'ဘာလုပ်ချင်သလဲ ပြောလေ။ ကျွန်မလုပ်မယ် မောင်' ဟူ၍လည်းကောင်း။

'မြိုင်ကြီးကတော့ အင်မတန်နက်တယ်။ သို့သော် ကျွန်မတစ်ခါမှ လမ်းမမှားစဖူးဘူး။ အဲဒီဆီကို ပြေးရမယ်နော်၊ မောင်မကြောက်ပါနဲ့။ ကျွန်မ ဆင်တစ်စီးငှားလိုက်မယ်ရှင်၊ ဟုတ်ပြီလား' ဟူ၍လည်းကောင်း ပြောရရှာသည်။

ငှားထားသောဆင်ကို ထိပ်တင်မထွေးကိုယ်တိုင် ဆင်ဦးစီးလုပ်ကာ တစ်ကြိမ်တစ်ခါမျှ ဆင်မစီးဖူးသည့်အပါကို ဆင်ပေါ်၌ သူ့ကျောမှီခိုင်းပြီး ညကြီးမင်းကြီး တောနက်ကြီး အတွင်းသို့ ချစ်သူနှစ်ဦး ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။

'မောင် ကျားကြောက်ရင် လင့်စင်ထိုးပြီးနေတာပေါ့၊ ပျင်းရင် မျောက်တွေ ခေါက်တာပေါ့၊ ပြီးတော့ ပုလိပ်သားတွေ လိုက်ရင် မြိုင်ကြီးဘက်ဝင်ပြေးတာပေါ့' ဟုလည်း ပြောခဲ့သေးသည်။

ကျွန်တော် စီးနင်းလိုက်ပါလာသည့် ရှမ်းရထားသည် လယ်ပြင် ဘူတာကိုကျော်တော့ တောနက်ကြီးအတွင်းသို့ တိုးဝင်ခုတ်မောင်းနေလေပြီ။ ပတ်ဝန်းကျင်တစ်ခုလုံးတွင် ချုံနွယ်ပိတ်ပေါင်းများနှင့် သစ်ကြီးဝါးကြီးတို့သည် စိမ့်ကြီးမြိုင်ကြီး ရိပ်ကြီးတောတောင်၊ နေရောင် တိုးမဝင်နိုင်လောက်အောင် ပိန်းပိန်းပိတ်မှောင်နေသည်။

ထိပ်တင်မထွေးနှင့်အပါတို့ ဆင်တစ်စီးနှင့်အတူ ရောက်နေသော မြိုင်ကြီးသည် ယခု ကျွန်တော်မြင်နေရသော တောထက် အဆပေါင်းများစွာ ပိုနက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကလို အစွန့်စားကြီး စွန့်စားပြီးကာမှ ချစ်သူနှစ်ဦးတို့သည် ချစ်ရက်ရှည်ကြာ မပေါင်းလိုက်ကြရရှာပါ။

တောတွင်းမှာ အပါကဖျား၊ အပါ့မိဘများက တောနင်းပြီး လိုက်အရှာခိုင်း မြို့ပြန်ခေါ်၊ ထိပ်တင်မထွေးက မလိုက်ချင်။

'မောင် သူတို့က အထွေးကို ဖမ်းမှာလား'ဟု အလန့်တကြား မေးရှာသေး၏။

"မြို့ကျရင် မောင့်အထွေးကို မကောင်းကြံကြမှာ ကျွန်မရိပ်မိပါရဲ့"ဟူ၍လည်းကောင်း ကြိုတင် ဟောကိန်းထုတ်ရှာသေး၏။

'တစ်သက်လုံး တောထဲမှာ နေရမှာလား အထွေးရယ်'

သို့သော် ဖျားနေသောအပါသည် မိဘများ၏ ဆန္ဒကို မလွန်ဆန်သာ။ ထိပ်တင်မထွေး၏ နာမည်ပျက်လှသော ရှမ်းလွယ်အိတ်ထဲမှ ဆေးစွမ်းကောင်းများသည်လည်း အပါ့အဖျားကို မတိုက်ဖျက်နိုင်။

နောက်ဆုံးတွင် မယုံသင်္ကာစိတ် ကြီးမားနေသော ထိပ်တင်မထွေးကို ရအောင်ခေါ်ပြီး ဖျားလျက်တန်းလန်းဖြင့် မြို့ကို ပြန်လိုက်ခဲ့တော့၏။

ပလိပ်သားတို့၏ ခြိမ်းခြောက်မှုကို တစ်လမ်းလုံး ခံလာခဲ့ရသော ထိပ်တင်မထွေးသည် အဖျားကြောင့် သတိလစ်နေသည့် အပါ့ကို ကျောခိုင်းကာ တောတွင်းသို့ ပြန်လည်ထွက်ပြေး ပျောက်ကွယ်သွားလေတော့သည်။

နှစ်ကာလများ

www.burmeseclassic.com

www.burmeseclassic.com



တောနက်ထဲမှာ တစ်ယောက်တည်း လှည့်လည်သွားလာသည်။ သစ်ရွက်တွေအောက်ထဲမှာ တိုးဝင်အိပ်သည်။ တစ်ခါတစ်ရံ တစ်တောလုံး ဆူအောင် အော်ဟစ်ငိုယိုဆူပူသည်။ ထကြွသောင်းကျန်းသည်။ ရွာတွေနား ကပ်သည့်အခါ ကပ်သည်။ နာမည်ပျက်ခဲ့သော ရှမ်းလွယ်အိတ်မည်းကြီးထဲမှ ဆေးများဖြင့် လူမမာများကို ကုသသည်။

ထိုမှတစ်ဆင့် ရှမ်းပြည်နယ်ဘက်သို့ ရောက်သွားသည်။

သူလိုပင် လမ်းပေါ်မှာနေသည့် ဦးနှောက်ပျက်သူနှင့် တွေ့သောအခါ ထိပ်တင်မထွေးသည် ထိုအရူးနှင့်အတူနေပြီး အရူးကုဆရာမလေးအဖြစ် ဘဝပြောင်းလေသည်။

'အရူးကု ဆရာမလေးက ရှမ်းဆေးလွယ်အိတ် ပခုံးပေါ်က မချဘဲရှိဆဲမှာ အထွေးကုလို့ ရောဂါမပျောက်တတ်သေးသည့် အရူးက ဓားနှင့်ထိုးလို့ သေသည်တဲ့ အထွေးရေ'ဟု ကြည်အေးက 'တမ်းတတတ်သည်'ဇာတ်ကို နိဂုံးကမ္ပတ် အဆုံးသတ်လိုက်သည်။

ဇာတ်လမ်းအဆုံးသတ်ပြီးသည်တွင်

"...အထွေး၏ စိတ်အလျဉ်သာ မပျောက်ပျက်တတ်လို့ ကျန်ချေသည်ဆိုလျှင် အုံ့မှိုင်းတွေဝေ၍ မြူသားထွေသောသည်အရပ်မှာ မနေနှင့်။ အဝေးသို့ ပျံပါချေ။

'တွယ်ငြိချင်လျှင် နာကျင်တတ်သောရပ်ကို မရှာလေနှင့်၊ အာရုံကိုနားမလည်သည့် စိမ်းမြသော အကြောရှိသည့် သစ်ပင်ပန်းရွက်၌သာ နားခိုပါချေ။'



www.burmeseclassic.com

www.burmeseclassic.com



'သည်တော့မှ မောင်လို ချစ်သူနှင့် မတွေ့ကြုံ၊ ဓားနှင့် ထိုးသတ်သူ ရန်သူနှင့်လည်း မဆုံရချေဘူး'

'ညှိုးလျော်ပျောက်ကွယ်သွားပြန်လည်း တမ်းတမည့် သူ မကျန်ရစ်ချေဘူး။ အဝေးသို့သာ ပျံလေ အထွေး'။

စသည်ဖြင့် ကြည်အေးက ချစ်ကံခေရှာသော ရှင်ဘုရင့် မြေးတော် ထိပ်တင်မထွေးကို အကြံပေးခဲ့လေသည်။

မဲခေါင်စစ်ဆင်ရေး ရှေ့တန်းစစ်မျက်နှာများမှ ပြန်လာ ပြီးနောက် နှစ်လသုံးလခန့်အကြာတွင် ထိုဝတ္ထုကို ဒုတိယ အကြိမ် ကျွန်တော် ဖတ်မိသေးသည်ဟု အမှတ်ရနေသည်။

ကဗျာဆရာမ ကြည်အေး၏ ပွတ်သပ်ငြိတွယ် ကလူ ကျီစယ်သော အရေးအသားများကြောင့် မောဟိုက် ပန်းလျကာ ကိုယ်စိတ်နှစ်ဖြာ သက်သာရာရခဲ့ဖူးပါသည်။

နှစ်ပေါင်း ၃၀ နီးပါးကြာညောင်းလာပြီဖြစ်သော ယခု လို အချိန်မျိုးတွင် အပြစ်ကင်းသည့် တမ်းတဖွယ် ဝတ္ထုများကို ဖတ်ရဦးမည်ဆိုလျှင်လည်း ဟိုတုန်းကလိုပင် 'ထပ်ဆင့်မွန်းကြပ် ကာ နှလုံးဝမ်းမြူး ကြည်နူးမိဦးမည်လား၊ မောဟိုက်ပန်းလျကာ ကိုယ်စိတ်နှစ်ဖြာသက်သာရာ ရလေဦးမည်လား'ဟု စိတ်မာန် ကို အားတင်းပြီး တမ်းတမိပါသည်။


**အထောက်တော်လှအောင်**

**မြတ်လေးမဂ္ဂဇင်း ၁၉၉၈၊ ဇွန်၊ အမှတ် (၂၆)**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com